ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့ (29-6-2014) (၇၈၈၆)

မြန်မာနိုင်ငံ၏ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ်ကြသည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး ဤနှစ်နိုင်ငံစလုံးသည် မိမိတို့မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ဆက်လက်တည်ရှိသွားလိမ့်မည်ဟု ခိုင်မာစွာယုံကြည်။

# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်အား

## ကမ္ဘာလုံးဆိုင်ရာစံတစ်ခုအနေဖြင့် ကျင့်သုံးနေခြင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်

ပေကျင်း ဇွန် ၂၈

၁၉၅၄ ခုနှစ်၌ တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်း၏ မြန်မာ၊ အိန္ဒိယခရီးစဉ်အတွင်း စတင်အကောင်အထည်ပေါ်ပေါက်လာသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ဖြစ်သည့် တစ်နိုင်ငံ၏နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံကလေးစားရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမ ပြုလုပ်ရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရန်နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်ဟူသည့် မူကြီး(၅) ရပ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်ကွန်ဖရင့်ကို ယနေ့ညနေ ၅ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟာမစ်အန်ဆာရီ၊ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်း၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာကျန်တဲကျန်း၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ယူဂျန်ရှင်း (Yu Zhengsheng)၊ တရုတ်နိုင်ငံ အခြေစိုက်နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှစ်(၆၀)ပြည့်အထိမ်းအမှတ်ကွန်ဖရင့်သို့ တက်ရောက်လာကြသည့် မြန်မာ-အိန္ဒိယ-တရုတ်နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များသည် ပြည်သူ့ခန်းမဆောင်ကြီး၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြည်သူ့ခန်းမဆောင်ကြီး Banquet Hall ၌ ကျင်းပသည့် မူကြီး (၅)ရပ် နှစ် (၆၀)ပြည့် အထိမ်းအမှတ်ကွန်ဖရင့်သို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့က ဦးဆောင်ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်၏ နှစ် (၆၀)ပြည့် အထိမ်းအမှတ် ကွန်ဖရင့်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ခွန်း ပြောကြားစဉ် (အပေါ်ပုံ)နှင့် တက်ရောက်သူများအား တွေ့ရစဉ်။ (ယာပုံ)

(သတင်းစဉ်)

**ကြေးမုံစာတည်းရှုထောင့်** **၂၉-၆-၂၀၁၄၊ တနင်္ဂနွေနေ့**

# ငြိမ်းချမ်းစွာအတူယှဉ်တွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇွန်လ ၂၇ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေပေသည်။ ချစ်ကြည်ရေးခရီးစဉ်အတွင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် ကြေညာသည့် နှစ်(၆၀)ပြည့် အခါသမယသို့ တက်ရောက်မည်ဖြစ်ပြီး ထိုအခမ်းအနားသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသာမက ကမ္ဘာ့နိုင်ငံများအားလုံးနှင့်ပါ သက်ဆိုင်နေသည့် ထူးခြားလေးနက်သော အခမ်းအနားဖြစ်ပေသည်။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ချူအင်လိုင်းသည် အိန္ဒိယနှင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ် ၁၉၅၄ ခုနှစ် ဇွန်လအတွင်းက သဘောတူချမှတ်ကြေညာခြင်းဖြစ်ပါသည်။ ထိုမူကြီး(၅)ရပ်ကို ၁၉၅၄ ခုနှစ် ဇွန်လ ၂၈ ရက်နေ့က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံ၊ ထိုနှစ် ဇွန်လ ၂၉ ရက်နေ့က မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် မြန်မာနှင့်တရုတ်နှစ်နိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး သွားရောက်နေသည့် ယခုတရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်သည် နိုင်ငံအများငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်အစကို မြန်မာနိုင်ငံတွင် ချမှတ်ပေးနိုင်ခဲ့သည့် အထိမ်းအမှတ်လည်း ပါဝင်သဖြင့် မြန်မာနိုင်ငံအတွက် များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သကဲ့သို့ တရုတ်နှင့် မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေးမှာလည်း ရှေ့ဆက်တိုးတက်မြင့်မားနေမည်ဖြစ်ပါသည်။

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်မှာ (၁)တစ်နိုင်ငံ၏ နယ်နိမိတ်နှင့် အချုပ်အခြာအာဏာကို တစ်နိုင်ငံက အပြန်အလှန်လေးစားလိုက်နာရေး၊ (၂)နိုင်ငံအချင်းချင်း ကျူးကျော်ရန်စမှုမရှိရေး၊ (၃) နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ (၄)အကျိုးစီးပွား တန်းတူညီမျှရေးနှင့် အပြန်အလှန် အကျိုးဖြစ်စေရေးနှင့် (၅)ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ဖြစ်သည်။

အဆိုပါမူကြီး(၅)ရပ်ကို အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ် ဘန်ဒေါင်းမြို့တွင် ကျင်းပသည့်ညီလာခံတွင် ပူးပေါင်းတင်ပြခဲ့ရာ ညီလာခံက အတည်ပြုနိုင်ခဲ့သည့်အတွက် ဘန်ဒေါင်းမူဟုလည်း အများကသိရှိထားသည်။ ထိုမူကြီး(၅)ရပ်ကိုပင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအခြေခံအဖြစ် ယနေ့ထက်တိုင် တည်ရှိနေပေသည်။

နိုင်ငံတော်သမ္မတကြီး သွားရောက်နေသည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို နှစ်နိုင်ငံဆက်ဆံရေးအတွက်သာမက နိုင်ငံတကာဆက်ဆံရေးအတွက်ပါ အခြေခံမူများအဖြစ် ဆက်လက်လိုက်နာကျင့်သုံးသွားရန် ထပ်လောင်းအတည်ပြုထားကြောင်း သိရသည်။

ထို့အပြင် ထိပ်သီးဆွေးနွေးပွဲတွင် မြန်မာ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမြှင့်တင်နိုင်ရေး၊ စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးအပ်ရေး၊ အာဆီယံ-တရုတ်ဆက်ဆံရေးတိုးမြှင့်ရေးနှင့် ဒေသတွင်းလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များသာမက ယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုပါ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့သည်။

ထို့ကြောင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို မြန်မာနှင့် အိန္ဒိယနိုင်ငံတို့တွင် ချမှတ်ပေးနိုင်ခဲ့သည်မှာ နှစ်ပေါင်း(၆၀) ရှိခဲ့ပြီဖြစ်သော်လည်း ယနေ့ထက်တိုင် ရှင်သန်နေဆဲဖြစ်သည်။ ယခု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယတွင် မြန်မာနိုင်ငံမှခေါင်းဆောင်တစ်ဦးအနေဖြင့် ထိုမူဝါဒကို အတူချမှတ်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ပြီး မူ(၅)ရပ်ကို ဆက်လက်ကျင့်သုံးကာ မြန်မာနိုင်ငံနှင့်အတူ အခြားနိုင်ငံများနှင့်ပါ အတူငြိမ်းချမ်းစွာ လက်တွဲသွားရေး၊ အတူတကွ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

# မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ပထမအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ပထမအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမကြီး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်စာရေးဆရာအသင်းများမှ ညီလာခံကိုယ်စားလှယ် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့များ၊ ညီနောင်အသင်း အဖွဲ့များနှင့် ဖောင်ဒေးရှင်းများမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။**(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး၏ (၂) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အသင်း၏ စွမ်းဆောင်နိုင်မှုများအဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ စာပေပညာရှင်များ ရေးသားပြုစုသည့် စာအုပ်စာပေများအပါအဝင် မီဒီယာအမျိုးမျိုးသည် မျိုးဆက်သစ်များအတွက် အသိပညာအသစ်များ ဖန်တီးနိုင်ရန် ဆန်းသစ်သော စိတ်ကူးနှင့် အတွေးအခေါ်များ၊ အကြံကောင်း ဉာဏ်ကောင်းများ ဖြစ်ပေါ်စေသည့်အပြင် စိတ်ဓာတ်ခွန်အားများ၊ အမျိုးသားကိုယ်ခံစွမ်းအားများ ဖြည့်ဆည်းပေးနိုင်သည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ စာပေပညာရှင်များ၏ အသိပညာမျှဝေပေးမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုသည် ဤမျှမကဘဲ တစ်နိုင်ငံလုံး အသိပညာလူ့အဖွဲ့အစည်း ဖြစ်လာစေရေးဆိုသည့် မြန်မာ့ထွက်ရပ်လမ်း ရည်မှန်းချက်ပန်းတိုင်ကြီးပေါ်သို့ ရောက်သည်အထိ နိုင်ငံတော်ကို အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးက "စာပေပညာရှင်များကို အလင်းရောင်ကို ဖန်တီးသူများ"ဟု ရည်ညွှန်းမိန့်ကြားခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

၂၀၁၅ အလွန် အာဆီယံ ပေါင်းစည်းရေးကာလကို မျှော်မှန်းလျက် မြန်မာအပါအဝင် တိုင်းရင်းသားဘာသာစာပေများ ဖွံ့ဖြိုးတိုးတက်ပြီး အခိုင်အခံ့ဖြစ်ရေး၊ လူမှုတာဝန်သိသော မီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေနှင့် မီဒီယာဆိုင်ရာ အသင်းအဖွဲ့များအားလုံးက စုစည်းညီညွတ်စွာဖြင့် အာဆီယံဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်မြင့်မားရေးတို့အတွက် အသင့်ပြင်ဆင်ကြိုးပမ်းတည်ဆောက်သွားကြပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအစီအစဉ် ဒုတိယပိုင်းကို နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာအကျဉ်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာတို့ ဖတ်ကြားတင်ပြခြင်း၊ ထောက်ခံအကြံပြု ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့် ဘဏ္ဍာရေး စည်းမျဉ်းများကို ထောက်ခံအကြံပြု ဆွေးနွေးခြင်း၊ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်များအပေါ် ဗဟိုအမှုဆောင်ကော်မတီက ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် တင်ပြခြင်း၊ အတည်ပြုလက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ မွန်းလွဲပိုင်းတွင် အခမ်းအနားကျင်းပပြီးစီးသည်။

**(သတင်းစဉ်)**

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်၏ နှစ်(၆၀) ပြည့် အထိမ်းအမှတ် ကွန်ဖရင့်ကို တက်ရောက်လာကြသည့် မြန်မာ- အိန္ဒိယ-တရုတ်နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များနှင့် တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

☆ရွှေဖုံးမှ

နေထိုင်ရေးမူကြီး (၅)ရပ် နှစ် (၆၀)ပြည့် အခမ်းအနားကို အဆွေတော်တို့နှင့် အတူ တက်ရောက်ကာ ကျင်းပခွင့်ရသည့်အတွက် မိမိအနေဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

လွန်ခဲ့သော နှစ် (၆၀)ကျော် ဒုတိယကမ္ဘာစစ်ပြီးနောက် စစ်အေးတိုက်ပွဲ စတင်သည့်ကာလက အာရှ၊ အာဖရိက နှင့် လက်တင်အမေရိကနိုင်ငံများသည် လွတ်မြောက်ရေးလှုပ်ရှားမှုများနှင့် လွတ်လပ်ရေးရရှိရန်အတွက် ရုန်းကန်ခဲ့ကြပါကြောင်း၊ ထိုအချိန်ကာလက လွတ်လပ်ရေးရခါစနိုင်ငံများ၏ အတူညီဆုံးနှင့် ပြင်းပြလှသည့်ဆန္ဒမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိပြီး အမျိုးသားအချုပ်အခြာအာဏာကို သာတူညီမျှနှင့် အပြန်အလှန်လေးစားမှုရှိသည့် နိုင်ငံတကာ ဆက်ဆံရေးပုံစံအသစ် တည်ဆောက်လိုကြခြင်းပင်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးရပြီးစနိုင်ငံများ၏ ယင်းသို့ပြင်းပြပြီးတူညီသည့် မျှော်မှန်းချက်များကို တုံ့ပြန်သည့်အနေဖြင့် မိမိတို့၏ ခေါင်းဆောင်ကြီးများသည် ထူးကဲသည့် မဟာဗျူဟာမြောက်အမြင်များဖြင့် ယခုနိုင်ငံတကာဆက်ဆံရေးတွင် အခြေခံစံနှုန်းနှင့် လမ်းညွှန်ချက်စည်းမျဉ်းစည်းကမ်းအဖြစ် လက်ခံထားသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို စတင်အဆိုပြုသည့် သမိုင်းဝင်သည့် ဆုံးဖြတ်ချက်ကို ရဲဝံ့စွာ ချမှတ်ခဲ့ပါကြောင်း။

၁၉၅၄ ခုနှစ် ဇွန်လက တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ချူအင်လိုင်းသည် အိန္ဒိယနှင့် မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ဇွန် ၂၈ ရက်တွင် တရုတ်-အိန္ဒိယပူးတွဲထုတ်ပြန်ကြေညာချက်တစ်ရပ်ကို နယူးဒေလီမြို့တွင်လည်းကောင်း၊ ဇွန် ၂၉ ရက်တွင် တရုတ်-မြန်မာ ပူးတွဲထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ရန်ကုန်မြို့တွင် လည်းကောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို အချုပ်အခြာအာဏာပိုင်နိုင်ငံများအကြား ဆက်ဆံရာတွင် သာတူညီမျှနှင့် အပြန်အလှန်လေးစားမှုအတွက် လမ်းညွှန်ပေးသော စံနှုန်းများအဖြစ် တရားဝင်ကြေညာခဲ့ပါကြောင်း။

ထိုအချိန်မှစတင်၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်သည် ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ခဲ့သည့် ကြေညာချက်အပါအဝင် အဓိကနိုင်ငံတကာကြေညာချက်များတွင်လည်း ပါဝင်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒသည်လည်း ယင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ် အပေါ် အခြေခံထားခြင်းဖြစ်သည်ကို မိမိအနေဖြင့် ဂုဏ်ယူစွာ ပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်သည် အချိန်ကာလ၏ စမ်းသပ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရုံသာမက အချိန်နှင့်အတူ ရင့်ကျက်လာပြီး ပြည်ထောင်အချင်းချင်း ဆက်ဆံရေးဆိုင်ရာမူများ၏ အခြေခံစံတစ်ခုဖြစ်လာခဲ့သည်ကို တွေ့မြင်ရသည့်အတွက် ယင်းမူကြီး (၅)ရပ်ကို ကနဦး ချမှတ်ခဲ့သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ယင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်သည် အနာဂတ် ပြည်ထောင်အချင်းချင်း ဆက်ဆံရေးတွင် ပိုမိုကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်လာလိမ့်မည်ဟုလည်း မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း၊ နိုင်ငံများအကြား လမ်းညွှန်မူဝါဒအဖြစ်လည်း ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့အိမ်နီးချင်းသုံးနိုင်ငံ၏ ဆက်ဆံရေးကို ပြန်ကြည့်မည်ဆိုလျှင် မိုင်ပေါင်းများစွာ နယ်နိမိတ်ချင်းနီးစပ်နေကြသည့် မြန်မာ-တရုတ်-အိန္ဒိယနိုင်ငံတို့သည် အစဉ်အလာရှိသည့် အိမ်နီးချင်းကောင်းများဖြစ်ကြပြီး ရာစုနှစ်ပေါင်းများစွာ ကြာရှည်တည်တံ့သည့် ချစ်ကြည်ရေးရင်းနှီးမှုများလည်း ရှိခဲ့ကြပါကြောင်း၊ ယင်းသို့တည်ရှိနေထိုင်နိုင်ခြင်းသည် ထိုမူကြီး (၅)ရပ်နှင့်အညီ နေထိုင်ဆက်ဆံနိုင်ခဲ့ကြခြင်းဖြစ်သကဲ့သို့ ပြည်သူပြည်သားများအနေဖြင့်လည်း အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာများတွင် တူညီမှုများရှိနေခြင်းတို့ကလည်း နားလည်မှု၊ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှု၊ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုတို့ကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေပါကြောင်း။

ထိုငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို အခြေခံကာ လက်ခံခဲ့ကြသဖြင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် နှစ်ပေါင်းများစွာအတွင်း ပိုမိုခိုင်မြဲလာခဲ့ပါကြောင်း၊ နိုင်ငံများအကြား နယ်နိမိတ်ပြဿနာကို ငြိမ်းချမ်းစွာဖြင့် အပြန်အလှန် စိတ်ကျေနပ်မှုရရှိအောင် ဖြေရှင်းနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ်ကြသည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး ဤနှစ်နိုင်ငံစလုံးသည် မိမိတို့မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ဆက်လက်တည်ရှိသွားလိမ့်မည်ဟု ခိုင်မာစွာယုံကြည်ပါကြောင်း။

မိမိတို့သည် နိုင်ငံအားလုံးနှင့်ကောင်းမွန်၍ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းသွားမည်ဖြစ်သကဲ့သို့ ကောင်းမွန်သည့် အိမ်နီးချင်းကောင်းဆက်ဆံရေးကို အလေးထားသွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနှင့်ဒေသတွင်း အဆင့်တွင် ပိုမိုနီးကပ်သည့် ဆက်ဆံရေးဖြင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့၏ဒေသတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးအမြတ်ဖြစ်ထွန်းရေးတို့ကို ဆောင်ယူနိုင်ရန်အတွက် မိမိတို့သည် ဆက်လက်ပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်လည်းဖြစ်ပါကြောင်း။

ယခုနှစ်တွင်မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့အပါအဝင် ဆွေးနွေးဖက်နိုင်ငံများအကြား လုံခြုံမှု၊ စုစည်းခိုင်မာမှုနှင့် စည်းလုံးမှုတို့ကို ဆောင်ကြဉ်းပေးမည်ဖြစ်သည်ဟု မိမိတို့အနေဖြင့် ခိုင်ခိုင်မာမာယုံကြည်ထားပါကြောင်း။

မိမိတို့၏ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို တစိုက်မတ်မတ်ကျင့်သုံးခြင်းကြောင့် ရရှိခဲ့သည့် အောင်မြင်မှုများကို ပြန်သုံးသပ်ကြည့်ခြင်းဖြင့် မူကြီး(၅)ရပ်အပေါ် မိမိတို့၏ယုံကြည်မှုများကို ပိုမိုဖြစ်စေပါကြောင်း။

သို့ဖြစ်၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေးတို့အတွက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်အား ကမ္ဘာလုံးဆိုင်ရာစံတစ်ခုအနေဖြင့် ကျင့်သုံးနေခြင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြပါစို့ဟု ကတိပြုတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံဒုတိယသမ္မတ မစ္စတာ ဟာမစ်အန်ဆာရီနှင့် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့က အထိမ်းအမှတ်မိန့်ခွန်းပြောကြားကြသည်။

၁၉၅၄ ခုနှစ် ဇွန် ၂၈ ရက်တွင် နယူးဒေလီမြို့၌ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည်လည်းကောင်း၊ ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့၌ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည်လည်းကောင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို လိုက်နာကျင့်သုံးကြရန် သဘောတူလက်မှတ်ရေးထိုးခဲ့သည်မှာ ယခုနှစ်တွင် နှစ်(၆၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ် နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်သူ့ခန်းမဆောင်ကြီး Golden Hall ၌ တည်ခင်းဧည့်ခံရာ တရုတ်-မြန်မာ-အိန္ဒိယနိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ၌ သုံးနိုင်ငံယဉ်ကျေးမှုအကအဖွဲ့များက နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**

မြေနေရာကောင်းရောင်းမည်

ရန်ကုန်မြို့ စီးပွားရေးတက္ကသိုလ်အနီး အမှတ်(၂)လမ်းမကြီးပေါ်မျက်နှာစာရှိသည့် ...

## အီရတ်နိုင်ငံမြောက်ပိုင်း တီကရစ်မြို့မှသူပုန်များအား စစ်ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်

**ဘဂ္ဂဒက် ဇွန် ၂၈**

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ တီကရစ်မြို့မှ ဆွန်နီစစ်သွေးကြွ သူပုန်များအား အစိုးရလေတပ်မှ ရဟတ်ယာဉ်များက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်ဟု ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆွန်နီစစ်သွေးကြွများ လက်အောက်ကျရောက်နေသည့် တီကရစ်မြို့အား ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် အစိုးရတပ်ဖွဲ့များက အဓိကကျသော ထိုးစစ်များဆင်နွှဲပြီးနောက် ယင်းသို့ ရဟတ်ယာဉ်များဖြင့် တီကရစ်မြို့အား တိုက်ခိုက်ခဲ့သည်ဟူသော သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

**ပျံသန်းစေခဲ့**

ယင်းသတင်း ထွက်ပေါ်လာပြီးနောက် အီရတ်နိုင်ငံအတွင်း ရောက်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အကာအကွယ်ပေးရန် ဘဂ္ဂဒက်မြို့ ကောင်းကင်ယံတွင် လက်နက် တပ်ဆင်ထားသော မောင်းသူမဲ့ လေယာဉ်များကို ပျံသန်းစေခဲ့ကြောင်း အမေရိကန်က အတည်ပြု ပြောကြားသည်။

ထိုစဉ်အတွင်း အီရတ်နိုင်ငံအတွင်းမှ သြဇာအာဏာကြီးမားသော ရှီးယိုက်ဘာသာရေးခေါင်းဆောင် အယာတိုလာစစ္စနီက ဇူလိုင် ၁ရက်တွင် အီရတ်ဝန်ကြီးချုပ်သစ် တစ်ဦးအား ရွေးချယ်ခန့်အပ်ပေးရန်တောင်းဆိုခဲ့သည်။

**ဘီဘီစီ။**

ရုရှားနိုင်ငံ ပလီဆက်အာကာသစခန်း၌ အင်ဂါရာ အာကာသဒုံးပျံယာဉ်ကို တွေ့ရစဉ်။

## သမိုင်းဝင်မည့် ရုရှားအာကာသဒုံးပျံယာဉ် လွှတ်တင်မှု ဒုတိယမြောက်နေ့အဖြစ် ဆိုင်းငံ့ထားရ

မော်စကို ဇွန် ၂၈

**အာကာသဒုံးပျံယာဉ်သစ်တစ်စင်းကို ရုရှားနိုင်ငံက ဆိုဗီယက်ပြည်ထောင်စုခေတ်နောက်ပိုင်း ပထမဆုံးအကြိမ်ပစ်လွှတ်ရန် စီစဉ်ခဲ့သော်လည်း စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့် ဒုံးပျံယာဉ်လွှတ်တင်မှုကို ဇွန် ၂၈ ရက်တွင် ဒုတိယမြောက်နေ့အဖြစ် ဆိုင်းငံ့ထားလိုက်ရကြောင်း အာရ်အိုင်အေသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။**

အင်ဂါရာဟု အမည်ပေးထားသော အာကာသဒုံးပျံယာဉ်ကို တည်ဆောက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပစ်လွှတ်ရန် ဇွန် ၂၇ရက်ကို ရက်သတ်မှတ်ခဲ့သည်။ သို့ရာတွင် ဒုံးပျံယာဉ် လွှတ်တင်လုနီး အခြေအနေတွင် ဒုံးပျံယာဉ်၏ ပထမအဆင့် တွန်းကန်အားစနစ်ဖြစ်သော ဘူစတာရော့ကက် ချွတ်ယွင်းမှုကို တွေ့ရှိခဲ့ရသည်။

အာကာသဒုံးပျံယာဉ် လွှတ်တင်မှုကို သမ္မတ ဗလာဒီမာပူတင်က ကရင်မလင်နန်းတော်ရှိ ဗီဒီယိုပြကွက်မှ တစ်ဆင့် စောင့်စားကြည့်ရှုခဲ့သည်။

ခရွန်နီချက် အာကာသဌာနက တည်ဆောက်ခဲ့သော အင်ဂါရာ အာကာသဒုံးပျံယာဉ် ဆိုဗီယက်ပြည်ထောင်စုခေတ်နောက်ပိုင်း ရုရှားနိုင်ငံ၏ အာကာသနည်းပညာကဏ္ဍ ပြန်လည်ရှင်သန်လာမှု၏ ပြယုဂ်တစ်ရပ်ဖြစ်သည်။ ရုရှားနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက် ဘတ်ဂျက်အသုံးစရိတ် ကန့်သတ်ချက်များကြောင့် အာကာသနည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းကို အကန့်အသတ်ဖြင့်သာ လုပ်ဆောင်နိုင်ခဲ့သည်။

ပစ်လွှတ်ရန် ဆိုင်းငံ့ခဲ့ရပြီးနောက် အာကာသဒုံးပျံယာဉ်ကို ဒုံးပျံပစ်လွှတ်ရေးစင်မှ ဖယ်ရှားကာ အသေးစိတ်စစ်ဆေးမည့် နေရာသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ခရွန်နီချက် အာကာသစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အာကာသ စက်မှုလုပ်ငန်းကဏ္ဍကို ပြုပြင်ပြောင်းလဲလျက်ရှိရာတွင် မိမိ၏ပိုင်နက်နယ်မြေမှနေ၍ ဂြိုဟ်တုများ လွှတ်တင်သွားရန် ရည်မှန်းချက်တစ်ရပ်ပါဝင်သည်။ **ရိုက်တာ။**

## အီရတ်တွင် အမေရိကန်တပ်ဖွဲ့များ ကာကွယ်ရန် မောင်းသူမဲ့လေယာဉ်များ လက်နက်တပ်ဆင်

ဝါရှင်တန် ဇွန် ၂၈

**လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာနေသည့် အီရတ်နိုင်ငံကို အကူအညီပေးရန် ရောက်ရှိနေကြသော အမေရိကန်တပ်ဖွဲ့ဝင်များအား ကာကွယ်ရေးအတွက် ဘဂ္ဂဒက်မြို့ပေါ်၌ ပျံသန်းနေသော မောင်းသူမဲ့လေယာဉ်များတွင် လက်နက်တပ်ဆင်ပေးပြီဖြစ်ကြောင်း ပင်တဂွန်က ပြောကြားသည်။**

ထောက်လှမ်းရေးအတွက် လူပါသော၊ လူမပါသော စစ်ဘက်လေယာဉ်များသည် အီရတ်နိုင်ငံပေါ်၌ ပျံသန်းခဲ့ကြသည်မှာ ရက်သတ္တတစ်ပတ်ကျော် ကြာခဲ့ပြီဖြစ်ရာ တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ၁၂ ကြိမ်ဖြစ်သည်။

အကြမ်းဖက်သမားများကိုပြန်လည်တိုက်ခိုက်နေသော အီရတ်အစိုးရတပ်ဖွဲ့များအား အကူအညီပေးရန်နှင့် အကြံဉာဏ်ပေးရန် ဘဂ္ဂဒက်၌ အမေရိကန်တပ်ဖွဲ့များ ဖြန့်ကြက်လိုက်ပြီးနောက် မောင်းသူမဲ့လေယာဉ်အချို့ကို လက်နက်တပ်ဆင်ရန် ဆုံးဖြတ်ခြင်းဖြစ်သည်။

လေယာဉ်အချို့ကို လက်နက်တပ်ဆင်ရခြင်း၏ အဓိကအကြောင်းတရားမှာ အီရတ်နိုင်ငံသို့ ရောက်ရှိနေသော စစ်ဘက်ဆိုင်ရာ အကြံပေးများကို အကာအကွယ်ပေးရန် အချက်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြန်ကြားရေးတာဝန်ခံ ရေတပ်ဗိုလ်ချုပ်ကြီး ဂျွန်ကီယာဝိုင်က သောကြာနေ့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သမ္မတ အိုဘားမားက ကတိကဝတ်ပြုခဲ့သည့် တပ်ဖွဲ့ဝင် ၃၀၀ အနက် အီရတ်နိုင်ငံသို့ ယခုအချိန်အထိ ၁၈၀ ရောက်ရှိနေပြီဖြစ်သည်။ ၉၀ သည် စစ်ဘက် အကြံပေးများ ဖြစ်ကြပြီး ကျန် ၉၀ မှာ စစ်ဆင်ရေးထူထောင်ခြင်းနှင့် ထောက်လှမ်းရေး သတင်းများ စိစစ်သည့် တပ်ဖွဲ့ဝင်များဖြစ်ကြသည်။

မောင်းသူမဲ့လေယာဉ် "ပရီဒေတာ" အချို့ကို "ဟဲလ်ဖိုင်းယား" ဒုံးကျည်များ တပ်ဆင်၍ ကာကွယ်ရေးတာဝန်အတွက် ဘဂ္ဂဒက်မြို့ပေါ်တွင် အသုံးပြုလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**အေပီ။**

မြို့တော်ဘဂ္ဂဒက်၌ ပျံသန်းရန် အသုံးပြုသည့် မောင်းသူမဲ့လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

## အမေရိကန်၌ကျင်းပသော သဲပန်းပုပြိုင်ပွဲ အိန္ဒိယအနုပညာရှင် တစ်ဦး ဆုဆွတ်ခူး

**ဘော်စတွန် ဇွန် ၂၈**

အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် အတ္တလန္တစ်စီတီးတွင် ကျင်းပသော ကမ္ဘာ့သဲပန်းပုပြိုင်ပွဲ၌ အိန္ဒိယနိုင်ငံမှ သဲပန်းပုပညာရှင်တစ်ဦး ပြည်သူများ၏ရွေးချယ်မှုဆုကို ဆွတ်ခူးရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယလူမျိုး သဲပန်းပုပညာရှင် ဆူဒါဆန်ပက်နစ်အား အတ္တလန္တစ်စီးတီးမြို့တော်ဝန်က ပြည်သူများ၏ ရွေးချယ်မှုဆုကို ချီးမြှင့်အပ်နှင်းပေးခဲ့သည်။

ယူအက်စ်အေ ၂၀၁၄ နိုင်ငံတကာ သဲပန်းပုပြိုင်ပွဲ၌ ကမ္ဘာတစ်ဝန်းမှ ထင်ပေါ်ကျော်ကြားသော သဲပန်းပုပညာရှင် ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

သဲပန်းပုပြိုင်ပွဲကို ဇွန် ၁၉ ရက်တွင် စတင်ကျင်းပသည်။ ပြိုင်ပွဲဝင်သူ သဲပန်းပုပညာရှင်တိုင်းသည် သဲတန်ချိန် ၁၀ တန်ကိုအသုံးပြု၍ ခွင့်ပြုပေးချိန် နာရီ ၃၀ အတွင်း မိမိနှစ်သက်ရာ သဲပန်းပုရုပ်ကို ဖန်တီးနိုင်သည်။**ပီတီအိုင်။**

## လာမည့်နှစ် အောက်တိုဘာလတွင် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ထိုင်းတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာ ကတိပြု

ဗန်ကောက် ဇွန် ၂၈

**မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ပြန်သွားမည်ဟု ထိုင်းတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက ကတိပြုလိုက်သည်။ သို့ရာတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလနောက်ပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲများအပြီးတွင်မှ အာဏာလွှဲပြောင်းရေးကို လုပ်ဆောင်သွားနိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။**

လာမည့်လအတွင်း ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းသွားမည်ဖြစ်ပြီး ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် ယာယီအစိုးရအဖွဲ့က ၂၀၁၅ ခုနှစ် အောက်တိုဘာလနောက်ပိုင်း ကျင်းပမည့် ရွေးကောက်ပွဲများ ကျင်းပချိန်အထိ နိုင်ငံကို ဆက်လက်အုပ်ချုပ်သွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ယခုနှစ် မေ ၂၂ရက် မတိုင်မီအထိ ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ မငြိမ်မသက်မှုများမှ ပြန်လည်တည်ငြိမ်မှု ရရှိရေးကို တောင်းဆိုခဲ့ခြင်းကြောင့် မေ ၂၂ ရက်တွင် ထိုင်းစစ်ဘက်မှ နိုင်ငံ့အာဏာကို သိမ်းယူခဲ့ရခြင်းဖြစ်သည်။

ယင်းကာလမှစတင်၍ ထိုင်းနိုင်ငံတွင် အမျိုးသား ငြိမ်ဝပ်အေးချမ်းရေးကောင်စီဟု အမည်ပေးထားသည့် စစ်အာဏာသိမ်း အစိုးရတစ်ရပ် ဖြစ်တည်လာခဲ့သည်။ ထိုင်းနိုင်ငံတွင် ပြိုင်ဘက်နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ဆန့်ကျင်မှုများ ရှိနေသော်လည်း မိမိတို့အဖွဲ့သည် ကြားနေသည့် အဖွဲ့အဖြစ် ရပ်တည်မည်ဟု ယင်းကောင်စီက ပြောကြားသည်။

**ဘီဘီစီ။**

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒွန်နက်စ်မြို့အနီး စစ်ဆေးရေးဂိတ်တစ်ဂိတ်တွင် ခွဲထွက်ရေးသမားတစ်ဦး လုံခြုံရေး စောင့်ကြပ်နေသည်ကို တွေ့ရစဉ်။

## ယူကရိန်းက အပစ်အခတ်ရပ်စဲရေး ၇၂ နာရီကြာတိုးမြှင့်

ကီယက်ဗ် ဇွန် ၂၈

**ရုရှားလိုလားသည့် ခွဲထွက်ရေးသမားများက တိုက်ခိုက်ကြသော်လည်း ယူကရိန်းအစိုးရက ၎င်းကြေညာထားသော အပစ်အခတ်ရပ်စဲရေးကို တနင်္လာနေ့ည ၁၀ နာရီမတိုင်မီအထိ ၇၂ နာရီတိုးမြှင့်လိုက်ကြောင်း ကြေညာချက်ကို သမ္မတ ပီထရိုပိုရိုရှင်ကို၏ ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။**

အစိုးရတပ်ဖွဲ့များ ထိန်းချုပ်ထားသည့် နယ်မြေများကို ခွဲထွက်ရေးသမားများက ယမန်နေ့ညပိုင်းနှင့် နံနက်ပိုင်းတို့တွင် ပစ်ခတ်ခဲ့သည်။ သို့သော် အသေအပျောက်သတင်းများ မရှိခဲ့ပေ။

သမိုင်းဝင်ကုန်သွယ်ရေး သဘောတူညီ ချက် လက်မှတ်ရေးထိုးခဲ့သော ဥရောပသမဂ္ဂ(အီးယူ) ထိပ်သီး ဆွေးနွေးပွဲကျင်းပရာ ဘရပ်ဆဲလ်မြို့မှ ကီယက်ဗ်သို့ပြန်ရောက်လာပြီးနောက် သမ္မတ ပိုရိုရှင်ကိုက တစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးကို အချိန်ကာလသုံးရက် ထပ်မံတိုးမြှင့်ပေးလိုက်ခြင်းဖြစ်သည်။

သမ္မတက ၎င်း၏ငြိမ်းချမ်းရေး အစီအစဉ်သည် တိုးတက်မှုရှိမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အချို့သောခွဲထွက်ရေး ခေါင်းဆောင်များက အပစ်အခတ်ရပ်စဲရေးကို လိုက်နာကြမည်ဟု ပြောကြပြီး အချို့ကဆန့်ကျင်ကြောင်း ပြောကြသည်။

**စတင်**

အိုအက်စ်စီအီးမှ အခွင့်အရေးနှင့် လုံခြုံရေးစောင့်ကြည့်လေ့လာသူများ အပါအဝင်ဖမ်းဆီးထားသည့် ဓားစာခံများလွှတ်ပေးရေး၊ နယ်စပ်စစ်ဆေးရေးစခန်းများကို ကီယက်ဗ်အာဏာပိုင်များသို့ ပြန်လည်လွှဲပြောင်းပေးရေး၊ ရုရှားလိုလားသောခွဲထွက်ရေးသမားများက အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို သဘော တူညီရေးတို့အတွက် ဥရောပသမဂ္ဂ(အီးယူ)ခေါင်းဆောင်များကချမှတ်သည့် နောက်ဆုံး သတ်မှတ်ချိန်နှင့် လျော်ညီစွာ အပစ်အခတ်ရပ်စဲရေးကာလ တိုးမြှင့်ခြင်းကို စတင်ပြီဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ဘီဘီစီ၊ရိုက်တာ။**

# သစ်ပင်စိုက်ပျိုး၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများ အမျိုးသားရေးတာဝန်အဖြစ် လုပ်ဆောင်

**နေပြည်တော် ဇွန် ၂၈**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရန်၊ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားအတွက် လေ့ကျင့်ရန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်ရန်ဆိုသည့် လုပ်ငန်းတာဝန်သုံးရပ်ကို ထမ်းဆောင်လျက်ရှိပါကြောင်း၊ ပြည်သူကြားမှပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြည်သူ့အကျိုးဖော်ဆောင်ရေးလုပ်ငန်းများကို စိတ်ရင်းစေတနာမှန်စွာဖြင့် လုပ်ဆောင်နေကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ရေဆင်းဆည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့အကျိုးဖော်ဆောင်ရာတွင် လက်ငင်းအကျိုးကျေးဇူးပြုနိုင်သည့် လုပ်ငန်းများရှိသကဲ့သို့ ရေရှည်အကျိုးအတွက် မျှော်ကိုးဆောင်ရွက်ရသည့် လုပ်ငန်းများလည်းရှိကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် ပြည်သူလူထုအတွက် သားစဉ်မြေးဆက်အကျိုးကျေးဇူးခံစားရမည့် ရေရှည်အကျိုးကို ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောလွှမ်းခြုံမှုကိုကြည့်ပါက ၁၉၇၅ ခုနှစ်တွင် ၆၀ ဒသမ ၀၉ ရာခိုင်နှုန်း၊ ၁၉၉၀ ပြည့်နှစ်တွင် ၅၇ ဒသမ ၉၇ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၅၂ ဒသမ ၈၂ ရာခိုင်နှုန်းမှ ၂၀၁၀ ပြည့်နှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းထိ ကျဆင်းလာသည်ကို တွေ့ရကြောင်း။

နိုင်ငံ၏ လူဦးရေတိုးပွားလာသည်နှင့်အမျှ သစ်တောသယံဇာတများကို ထုတ်ယူသုံးစွဲမှုများ၊ ပျက်စီးပြုန်းတီးမှုများ ပိုမိုများပြားလာကြောင်း၊ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အစိုးရအဆက်ဆက်က ဦးစီး၍ စိုက်ပျိုးခြင်း၊ တပ်မတော်က စိုက်ပျိုးခြင်း၊ ပြည်သူလူထုက စိုက်ပျိုးခြင်းများရှိသော်လည်း သုံးစွဲမှု၊ ပြုန်းတီးမှုကို ကာမိသည်အထိ ပြန်လည်စိုက်ပျိုးနိုင်ခြင်း မရှိသဖြင့် သစ်တောသယံဇာတများ ဆုံးရှုံးနေကြောင်း၊ ယင်းအကျိုးဆက်အဖြစ် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီး၍ ရေအရင်းအမြစ်များ လျော့နည်းပျောက်ဆုံးလာပြီး ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးလေဝသအခြေအနေများပြောင်းလဲ၍ ကမ္ဘာကြီးပူနွေးလာခြင်း၊ စိုက်ပျိုးရေသာမက သောက်သုံးရေရှားပါးပြတ်လပ်မှုများနှင့် ကြုံတွေ့ရပြီး ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများစွာ ဖြစ်ပေါ်စေကြောင်း။

ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားတိုင်း တာဝန်သိသိဖြင့် သစ်တောများမပြုန်းတီးစေရန် ဝိုင်းဝန်းထိန်းသိမ်းခြင်း၊ ပြန်လည်ဖြည့်စွက် စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ တောင်ပေါ်ဒေသတွင် ရွှေ့ပြောင်းတောင်ယာများစွာ ရှိသကဲ့သို့ မြေပြန့်တွင်လည်း စွန့်ပစ်ယာမြေ များစွာရှိနေသဖြင့် ယင်းတို့မှာ သစ်တောပြုန်းတီးမှုများစွာဖြစ်စေကြောင်း၊ တစ်ဖက်ကလည်း ထင်းသုံးစွဲမှုများကို စနစ်တကျထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ မဖြစ်မနေသုံးစွဲရပါကလည်း ထင်းအနည်းဆုံးဖြင့် သုံးစွဲနိုင်သည့် မီးဖိုများ၊ ထင်းအစားထိုးလောင်စာများသုံးစွဲရမည်ဖြစ်ကြောင်း၊ ထင်းစိုက်ခင်းများကိုလည်း တပ်ရင်း/တပ်ဖွဲ့အလိုက်၊ မိမိစည်းရုံးရေးနယ်မြေအလိုက် နှစ်စဉ်တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ယာများရေရရှိရေး၊ ကုန်းမြင့်လယ်ယာများဖော်ဆောင်ရေး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း။

ထို့အပြင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စွမ်းအင်ရရှိနိုင်သည့် ရေအား၊ လေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားရရှိရေးစနစ်များလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ သီတဂူဆရာတော်ကြီးက "သစ်ပင်တစ်ပင်ဟာ သန်းပေါင်းများစွာသော မီးခြစ်ဆံလုပ်လို့ရတယ်၊ ဒါပေမယ့် သန်းပေါင်းများစွာသော သစ်ပင်တွေ လောင်ကျွမ်းဖို့ မီးခြစ်ဆံတစ်ချောင်းပဲလိုတယ်" ဟု ဟောကြားခဲ့သည်ကို သတိရှိရန်လိုကြောင်း၊ သစ်တောများမဆုံးရှုံးစေရေးအတွက်၊ အထူးသဖြင့် တောမီးလောင်ခြင်းကို ကြိုတင်ကာကွယ်မှုနည်းလမ်းများဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ ရေဆင်းဆည်တစ်ဝိုက်တွင် တောမီးလောင်မှုကိုထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများကို စနစ်တကျဆောင်ရွက်ခြင်းကြောင့် သစ်တောများ သိသာစွာထူထပ်လာပြီး ရာသီဥတုအေးမြမှုကိုပါ ရရှိခံစားရကြောင်း။

နှစ်စဉ်မိုးရာသီတိုင်းတွင် တပ်ရင်း/တပ်ဖွဲ့၊ ဌာနချုပ်အားလုံး၌ သစ်ပင်စိုက်ပွဲသုံးကြိမ်ပြုလုပ်၍ စိုက်ပျိုးသွားစေလိုကြောင်း၊ အနည်းဆုံးနှစ်ဧကစိုက်၍ ထင်းသုံးစွဲပါက ထင်းစိုက်ခင်းများ စိုက်ပျိုးသုံးစွဲရန်လိုကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တပ်မတော်တစ်ရပ်လုံး သစ်ပင်စိုက်ပျိုးနိုင်မှု ၂ ဒသမ ၅ သန်းခန့်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်ပင်စိုက်ပျိုးမှု ငါးသန်းခန့်ရှိ၍ တပ်မတော်အနေဖြင့် ရာခိုင်နှုန်း ထက်ဝက်ခန့်စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးထားသည့်အပင်များ ရှင်သန်အောင်လည်း ပြုစုပျိုးထောင်ရန်လိုကြောင်း၊ တပ်ဌာနချုပ်အလိုက်၊ စည်းရုံးရေးနယ်မြေအလိုက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**(အပေါ်ပုံ)**နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်နှင့် ခရေပင်များကို ဦးဆောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက စိုက်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် အရာရှိ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ကုက္ကို၊ စိန်ပန်းကြီး၊ စွယ်တော်၊ ဆီသပြေ၊ ရေတမာ၊ အညာတမာ၊ အော်ရေးရှားနှင့် သစ်ဆိမ့်ပင် စုစုပေါင်းအပင် ၅၀၀၀ အား စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့ နံနက်ပိုင်းတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၁၁၈၅၄ ပင်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၈၄၅၆ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၂၃၅၅၇ ပင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၂၆၁၅၀ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၉၃၀၀ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၂၄၈၃၀ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၁၄၉၅၁ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၈၄၉၉ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၄၆၂၃၀ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၁၈၃၄၂ ပင်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၈၂၆၀ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၃၆၁၅၅ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၂၆၀၃၇ ပင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၅၉၇၈၁ ပင် စိုက်ပျိုးကြသဖြင့် တပ်မတော် တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင်စုစုပေါင်းမှာ ၃၂၇၄၀၂ ပင်ဖြစ်ကြောင်း သိရှိရသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနေဖြင့် ၂၀၁၁ ခုနှစ်တွင် စိုက်ပျိုးပင် ၁၈၇၅၇ ပင်၊ ၂၀၁၂ ခုနှစ်တွင် ၁၅၅၀၀ ပင်၊ ၂၀၁၃ ခုနှစ်တွင် ၁၅၀၀၀ ပင်တို့ကို စိုက်ပျိုးနိုင်ခဲ့၍ စုစုပေါင်း ၄၉၂၅၇ ပင်စိုက်ပျိုးနိုင်ခဲ့ပြီး တပ်မတော် တစ်ရပ်လုံးအနေဖြင့် ၂၀၁၁ ခုနှစ်တွင် စိုက်ပျိုးပင် ၁၂၉၆၀၄၀ ပင်၊ ၂၀၁၂ ခုနှစ်တွင် စိုက်ပျိုးပင် ၅၅၉၇၆၄ ပင်နှင့် ၂၀၁၃ ခုနှစ်တွင် စိုက်ပျိုးပင် ၆၆၀၄၁၅ ပင်တို့ကို စိုက်ပျိုးပေးနိုင်ခဲ့သည်။ ထို့အပြင် ပင်လယ်ကမ်းရိုးတန်းဒေသများဖြစ်သော တနင်္သာရီတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်လည်း ဒီရေတောစိုက်ခင်းများစိုက်ပျိုးခဲ့ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်များအနေဖြင့် ၂၀၁၁ ခုနှစ်တွင် စိုက်ပျိုးပင် ၁၆၉၉၇၄၀ ပင်၊ ၂၀၁၂ ခုနှစ်တွင် စိုက်ပျိုးပင် ၈၁၅၈၅ ပင်နှင့် ၂၀၁၃ ခုနှစ်တွင် စိုက်ပျိုးပင် ၁၄၁၄၁ ပင်တို့ကို စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် တပ်မတော်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို ဆက်လက်ပြုလုပ်၍ ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့အပြင် ယခင်နှစ်မိုးရာသီကာလအတွင်း စိုက်ပျိုးခဲ့သော သစ်ပင်များကိုလည်း ရှင်သန်ဖြစ်ထွန်းရေးနှင့် ပြုန်းတီးမှုမရှိစေရေး ပေါင်းမြက်ရှင်းလင်းပေးခြင်းနှင့် မြေတောင်မြှောက်ပေးခြင်း၊ သေဆုံးသွားခဲ့သည့် အပင်များကို အစားထိုး စိုက်ပျိုးခြင်း၊ လူနှင့်တိရစ္ဆာန် ဖျက်ဆီးခြင်းမှ ကာကွယ်နိုင်ရန် ခြံစည်းရိုးများ ကာရံခြင်းနှင့် ခြံစည်းရိုးပင်များ စိုက်ပျိုးခြင်းတို့အပြင် သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစေရေး မီးတားလမ်းဖောက်လုပ်ခြင်း၊ သစ်ပင်အထိန်းတိုင်များ စိုက်ထူကာချည်နှောင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ကြသည်။ လက်ရှိ မိုးရာသီကာလမတိုင်မီတွင်လည်း ရေဆင်းနယ်မြေဝန်းကျင်တစ်ဝိုက်တည်ရှိသော သဘာဝသစ်တောအတွင်း ပြွတ်သိပ်စွာပေါက်ရောက်နေသည့် သစ်ပင်များနှင့် အပင်ကြီးထွားမှုကို အဟန့်အတားဖြစ်စေမည့် သစ်ပင်၊ သစ်ကိုင်းနှင့် နွယ်ပင်များကို လေဝင်လေထွက်ကောင်းမွန်စေရန်နှင့် ရှင်သန်ကြီးထွားမှု ကောင်းမွန်မြန်ဆန်စေရန် သစ်တောဦးစီးဌာနမှ ပညာရှင်များ၊ တာဝန်ရှိသူများနှင့် ပူးပေါင်း၍လည်း ဓမ္မတာမျိုးဆက် ထိန်းသိမ်းနည်းစနစ်ဖြင့် ပြုပြင်ဆောင်ရွက်ခြင်းဖြစ်သော ငုတ်တက်ချွန်ခြင်း၊ အုပ်မိုးကာဆိုင်း ခုတ်လှဲခြင်းနှင့် နွယ်ဖျက်ညောင်ပတ်လှဲခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် ရေဆင်းဆည်ပတ်ဝန်းကျင်ဒေသတွင် သစ်ပင်သစ်တောများ ဖုံးလွှမ်းအုံ့ဆိုင်းလျက်ရှိပြီး အရိပ်အာဝါသကောင်းမွန်စွာဖြင့် စိမ်းလန်းစိုပြည်၍ ရာသီဥတု၏ အပူအအေးလွန်ကဲမှုကိုလည်း မျှတအောင် ထိန်းသိမ်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှ နည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့်ထုတ်လုပ်ထားသည့် ကျင်းထုံခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျင်းထုံခြင်ဆေးခွေအမည်ဖြင့် မည်သည့်ခြင်ဆေးခွေကိုမျှ ပိုးသတ်ဆေးဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ဈေးကွက်တွင်တွေ့ရှိရသော ကျင်းထုံတံဆိပ် ခြင်ဆေးခွေနမူနာများကို စစ်ဆေးခဲ့ရာတွင် ကျင်းထုံတံဆိပ်ဖြင့် ခြင်ဆေးခွေများပေါ်တွင် ဖော်ပြထားသော အမျိုးအစားဓာတုပစ္စည်း၏ ပါဝင်မှုရာခိုင်နှုန်း သုည ဒသမ ၀၈ ရာခိုင်နှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့်ပမာဏ သုည ဒသမ ၀၄ ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ကျန်းမာရေးကို များစွာထိခိုက်စေပါသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေ တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်း ပါဝင်မှုစစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တရုတ်ပြည်မှတင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ယင်းကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကိုယ်ယုံတာကိုယ်လုပ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေ

မြတ်စည်သူ

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေး ပြန်လည်ရရှိသောနေ့မှာပင် လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်ဆိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသည် တည့်မတ်၊ တိကျသော ကြားနေရေး မူဝါဒ ကျင့်သုံးကာ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမည်ဟု မိမိနိုင်ငံ၊ မိမိအစိုးရ(ဝ်) မြန်မာတို့၏ နိုင်ငံခြားဆက်ဆံရေးမူဝါဒကို ကြေညာခဲ့သည်။

ထိုသို့ ကြေညာခဲ့သည့်အတိုင်း ခေတ်အဆက်ဆက် အစိုးရများနှင့် ၃၁-၃-၂၀၁၁ ရက်နေ့မှစ၍ နိုင်ငံတာဝန်ကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေနှင့်အညီ ယူခဲ့သောသမ္မတကြီး ဦးသိန်းစိန်၏ အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့သည်လည်း တိကျတည့်မတ်သည့် ကမ္ဘာ့အရှေ့၊ အနောက်၊ လက်ဝဲ၊ လက်ယာ အရင်းရှင်ဆိုရှယ်လစ် (ကွန်မြူနစ်) အုပ်စုပွဲ (စစ်အေးတိုက်ပွဲ) တွင် မည်သည့်ဘက်မှ မလိုက်သည့် ဘက်မလိုက် နိုင်ငံခြားရေးမူဝါဒကိုသာ ကျင့်သုံးသွားမည်ဟု ကြေညာခဲ့ကြပေသည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ အာရှ (၁၈) နိုင်ငံတက်ရောက်သော အာရှကွန်ဖရင့်ကို ကျင်းပခဲ့သည်။ ယင်းအာရှကွန်ဖရင့်သို့ တက်ရောက်သော (၁၈) နိုင်ငံကား ဆီးရီးယား၊ ဆော်ဒီအာရေဗျ၊ တရုတ်၊ ထိုင်း၊ နယူးဇီလန်၊ နီပေါလ်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ မြန်မာ၊ ယီမင်၊ လက်ဘနွန်၊ သီရိလင်္ကာ၊အာဖဂန်နစ္စတန်၊ အီဂျစ်၊ အီရတ်၊ အီရန်၊ အီသီယိုပီးယားနှင့် ဩစတြေးလျနိုင်ငံတို့ဖြစ်ကြသည်။

လွတ်လပ်ရေး ကြိုးပမ်းရာ၌ တူညီသော အာရှနိုင်ငံများနှင့် အာဖရိကနိုင်ငံများသည် ရင်းနှီးစွာ ဆက်သွယ်ဆက်ဆံမိလာကြသည်။ မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှားနှင့် ပါကစ္စတန် ငါးနိုင်ငံမှ အစိုးရခေါင်းဆောင်များသည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ၁၉၅၄ ခုနှစ်၊ ဧပြီလက ဆုံတွေ့ပြီး အာရှ-အာဖရိကနိုင်ငံများ ညီလာခံကျင်းပရန် ဆွေးနွေးပြင်ဆင်ခဲ့ကြသည်။ ၁၉၅၄ ခုနှစ်၊ မေလ ၁ ရက်၊ ၂ ရက်နေ့များတွင် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ လည်းကောင်း၊ ထိုနှစ် ဒီဇင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဗိုဂေါမြို့၌ လည်းကောင်း ထပ်မံဆုံတွေ့ကာ အာရှ-အာဖရိက ညီလာခံကျင်းပရေး အပြီးသတ်ညှိနှိုင်းခဲ့ကြသည်။

၁၉၅၅ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် အာရှ-အာဖရိက (၂၉) နိုင်ငံတက်ရောက်သော ကွန်ဖရင့်ကျင်းပသည်။ ယင်းညီလာခံဖြစ်မြောက်ရေးစတင်ဆွေးနွေးခဲ့သော မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှားနှင့် ပါကစ္စတန်(၅)နိုင်ငံကို ကိုလံဘိုနိုင်ငံများဟု ခေါ်တွင်ကြသည်။ ဘန်ဒေါင်းညီလာခံသို့ တက်ရောက်ခဲ့သည့် (၂၉) နိုင်ငံ မှာ ကမ္ဘောဒီးယား၊ ဂျပန်၊ ဂျော်ဒန်၊ ဆီးရီးယား၊ ဆူဒန်၊ ဆော်ဒီအာရေဗျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တူရကီ၊ ထိုင်း၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ(မြောက်ဗီယက်နမ်)၊ ဗီယက်နမ် သမ္မတနိုင်ငံ(တောင်ဗီယက်နမ်)၊ မြန်မာ၊ ယီမင်၊ လက်ဘနွန်၊ လာအို၊ လိုင်ဘီးရီးယား၊ လစ်ဗျား၊ သီရိလင်္ကာ၊ အာဖဂန်နစ္စတန်၊ အီဂျစ်၊ အီရတ်၊ အီရန်၊ အီသီ ယိုပီးယား၊ အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံတို့ဖြစ်ကြသည်။

ဘန်ဒေါင်းညီလာခံအပြီး အာရှ-အာဖရိကနိုင်ငံများ သဘောတူထုတ်ပြန်ခဲ့သော ကြေညာချက်တွင် "ယုံကြည်မှု အပြည့်အဝဖြင့် သံသယကင်းရှင်းစွာ တစ်ဦးကိုတစ်ဦး ယုံကြည်လေးစားလျက် နိုင်ငံအားလုံးက သည်းခံမှုကို အခြေခံပြီး အောက်ပါအချက်များအပေါ် မူတည်၍ အိမ်နီးချင်းကောင်းအဖြစ် ငြိမ်းချမ်းစွာအတူတကွ နေထိုင်သင့်ကြောင်း မိတ်ဆွေပီသစွာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း" ဖြင့် အစချီကာ အောက်ပါဘန်ဒေါင်းမူ(၁၀) ရပ်ကို ဖော်ပြထားပေသည်-

၁။ လူ့အခြေခံအခွင့်အရေးများနှင့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်မှ အခြေခံမူများနှင့် ရည်ရွယ်ချက်များကို လေးစားခြင်း။

၂။ နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတည်တံ့မှုကိုလေးစားခြင်း။

၃။ ကြီးသည်ငယ်သည်မဟူ အားလုံးတန်းတူရှိမှုနှင့် နိုင်ငံအားလုံး တန်းတူရည်တူရှိမှုကို အသိအမှတ်ပြုခြင်း။

၄။ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် ဝင်ရောက်ကျူးကျော်ခြင်းမှရှောင်ကြဉ်ခြင်း။

၅။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်နှင့်အညီ နိုင်ငံတိုင်းသည် မိမိကိုယ်ကိုကာကွယ်ရေးအတွက် တစ်နိုင်ငံချင်း သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကာကွယ်ပိုင်ခွင့်ရှိမှုကိုလေးစားခြင်း။

၆။ (က) စုပေါင်းကာကွယ်မှုကို အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ အကျိုးစီးပွားအတွက် အသုံးချခြင်းနှင့် (ခ) နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံများအပေါ် အကျပ်ကိုင်ခြင်းများကို ရှောင်ကြဉ်ခြင်း။

၇။ နိုင်ငံတိုင်း၏ နယ်မြေတည်တံ့မှု၊ သို့မဟုတ် နိုင်ငံရေးလွတ်လပ်မှုကို ကျူးကျော်ခြင်း၊ သို့မဟုတ် ကျူးကျော်ရန် ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် အင်အားကို အသုံးပြုခြင်းများအား ရှောင်ကြဉ်ခြင်း။

၈။ အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုများကို တွေ့ဆုံခြင်း၊ ဆွေးနွေးခြင်း၊ စေ့စပ်လိုက်လျောခြင်း၊ ဖျန်ဖြေခြင်းနှင့် တရားဥပဒေနှင့်အညီ ဖြေရှင်းခြင်းစသော ငြိမ်းချမ်းသော နည်းလမ်းများဖြင့် သက်ဆိုင်ရာနိုင်ငံတို့က ကုလသမဂ္ဂပဋိညာဉ်စာချုပ်နှင့်အညီဖြေရှင်းခြင်း၊

၉။ အပြန်အလှန် အကျိုးရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်မြှင့်တင်ခြင်း။

၁၀။ တရားမျှတမှုနှင့် အပြည်ပြည်ဆိုင်ရာ ဝတ္တရားများကို တိုးတက်မြှင့်တင်ခြင်း။

၁၉၆၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ ဘက်မလိုက်နိုင်ငံများ၏ အစည်းအဝေးများကို ကျင်းပခဲ့ကြသည်။ ဆိုဗီယက်အုပ်စုတွင်လည်းမပါ၊ တရုတ်ကွန်မြူနစ်ဘက်လည်းမပါကြားနေဆိုရှယ်လစ်နိုင်ငံဖြစ်သော ယူဂိုဆလပ်သည် ဘက်မလိုက်လှုပ်ရှားမှုတွင် ပါဝင်လာခဲ့သည်။ ဆိုဗီယက်အထောက်အပံ့ခံ၊ ဆိုဗီယက်အုပ်စု၌ ပါဝင်သည့် ကျူးဘားနိုင်ငံတွင် ဘက်မလိုက် ညီလာခံ ကျင်းပရာ အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံများနှင့် အုပ်စုဖွဲ့ လှုပ်ရှားလာသဖြင့် ဘက်မလိုက်နိုင်ငံများသည် ဘက်လိုက်လာပြီဟု ယူဆကာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုမှ ဘေးထွက်ထိုင်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲကာ ကမ္ဘာ့နိုင်ငံရေးအခြေအနေပြောင်းလဲလာသဖြင့် ပြီးခဲ့သောတပ်မတော်အစိုးရလက်ထက်တွင် ဘက်မလိုက်လှုပ်ရှားမှု၌ မြန်မာနိုင်ငံပြန်လည် ပါဝင်လာခဲ့သည်။ ယခုအခါ ဘက်မလိုက်ဝါဒခံယူသော နိုင်ငံပေါင်း(၁၂၀) ကျော်ရှိလာပေပြီ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ဖော်စတာဒါးလက်နှင့် ၎င်း၏ညီ အမေရိကန်စီအိုင်အေ ထောက်လှမ်းရေး အကြီးအကဲတို့က ဘက်မလိုက်ကြားနေဝါဒကို ပြင်းထန်စွာ ဝေဖန်ပုတ်ခတ်ခဲ့သည်။ "အလကားအချောင်သမားတွေ၊ ခြံစည်းရိုးခွထိုင်နေတဲ့ဟာတွေ" ဟုပင် ပြောခဲ့ဖူးသည်။

ဆိုဗီယက်ကမူ မိမိတို့ဘက်မပါလျှင်နေ၊ အမေရိကန်အုပ်စုဘက်မပါသည်ကိုပင် ကျေနပ်နေခဲ့ပုံရ၍ ဝေဖန်ပြစ်တင်ခြင်းမပြု။ တတ်နိုင်သရွေ့ပင် ထောက်ခံအားပေးခဲ့သည်။ တစ်ဖက်တွင်မူ ဘက်မလိုက်ကြားနေ နိုင်ငံများတွင် မိမိတို့၏ ဆိုရှယ်လစ်(ကွန်မြူနစ်) ဝါဒအမြစ်တွယ်ကြီးထွားလာရန် ဝါဒချဲ့နေခဲ့ပေသည်။ တရုတ်တို့ကမူ ဘက်မလိုက်လှုပ်ရှားမှုကို ပြည့်ဝစွာထောက်ခံ၊ ဘန်ဒေါင်းမူ၊ ဘန်ဒေါင်းကြေညာချက်နှင့် ဘန်ဒေါင်းညီလာခံကို အားပေးထောက်ပင့်ခဲ့သည်။

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအားလုံး(ဖွဲ့စည်းစ -၅၁ နိုင်ငံ၊ ယနေ့အဖွဲ့ဝင်နိုင်ငံ - ၁၉၃ နိုင်ငံ)သည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးတွင်ပါဝင်လက်မှတ်ရေးထိုးကာ ယင်းပဋိညာဉ်စာချုပ်အတိုင်း လိုက်နာပါမည်ဟု ပဋိညာဉ်ခံကြရပေသည်။ ယင်းစာချုပ်ကို ကုလသမဂ္ဂဖွဲ့စည်းရေးဆွေးနွေးပွဲများသို့တက်ရောက်သော နိုင်ငံများ ၁၉၄၅ခုနှစ် ဧပြီလမှ စတင်ရေးသားခဲ့ကြရာ ဇွန်လ ၂၆ ရက်နေ့တွင် အချောကိုင်အတည်ပြုပြီးပေပြီ။

မြန်မာနိုင်ငံသည် အုပ်စုဘက်မလိုက်ကြားနေနိုင်ငံခြားရေးဝါဒကို စတင်ထူထောင်သော နိုင်ငံ(၅)နိုင်ငံတွင် ပါဝင်ခဲ့သည်။ တည့်မတ်သော ကြားနေသော နိုင်ငံခြားရေးဝါဒကို နောင်အများက ဘက်မလိုက်ဝါဒဟု ခေါ်ကြသည်။

ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ကိုကုလသမဂ္ဂအလံတော်အောက်၌ မြန်မာက ပါဝင်ဆောင်ရွက်ရာတွင် မှန်ကန်စွာ ဆောင်ရွက်ရန် လွတ်လပ်စွာ ဆုံးဖြတ်မည်။ ကမ္ဘာစစ် တားဆီးရေး၊ လက်နက်လျှော့ပေါ့ ဖျက်သိမ်းရေး၊ ကိုလိုနီစနစ်ဖျက်သိမ်းရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ နိုင်ငံအချင်းချင်း တန်းတူလေးစားစွာ ဆက်ဆံ၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ အသားအရောင်၊ လူမျိုး၊ အဆင့်အတန်းခွဲခြားမှု ဆန့်ကျင်ရေးစသည့် ကုလသမဂ္ဂလုပ်ငန်းများ၌ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခြင်းကို လွတ်လပ်၍ တက်ကြွသောဝါဒဟု ရည်ညွှန်းပေသည်။ တတိယကမ္ဘာစစ်ကြီး မဖြစ်အောင် တားဆီးရေးသည် ကုလသမဂ္ဂ၏ မဟာတာဝန်၊ ကမ္ဘာ့လူသားတို့၏ အဓိကဆန္ဒဖြစ်လေသည်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးခါနီးတွင် အဏုမြူဗုံးလုပ်နိုင်လာကြပြီးနောက် အမေရိကန်၊ ဆိုဗီယက် (ရုရှား)၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်၊ အစ္စရေး၊ ပါကစ္စတန်၊ အိန္ဒိယတို့တွင် နျူကလီးယားလက်နက်များ ရှိနေပေပြီ။ ရှိနေသည်ဟု သံသယဖြစ်ဖွယ်နိုင်ငံများလည်း ရှိနေပေပြီ။ တတိယကမ္ဘာစစ်သာဖြစ်လျှင်လည်း နျူကလီးယားစစ်ပွဲဖြစ်ကာ တစ်ကမ္ဘာလုံး သေကျေပျက်စီးနိုင်ပေပြီ။ ကမ္ဘာကျော်သိပ္ပံနှင့် တွေးခေါ်ပညာရှင်ကြီး အိုင်းစတိုင်းကို တတိယကမ္ဘာစစ်၊ စတုတ္ထကမ္ဘာစစ်ပွဲများဖြစ်လျှင် မည်သို့ရှိပါမည်နည်းဟု သတင်းသမားတစ်ဦးက မေးဖူးသည်။ အိုင်းစတိုင်းက တတိယကမ္ဘာစစ်ပွဲဖြစ်လျှင် ဘယ်လို လက်နက်နဲ့ တိုက်ကြမှာလဲဆိုတာ အတိအကျ မပြောနိုင်ပေမယ့် စတုတ္ထကမ္ဘာစစ်ပွဲဖြစ်ရင်တော့ တစ်ဖက်နှင့် တစ်ဖက် ကျောက်ခဲတွေနဲ့ ပစ်ပေါက်တိုက်ကြရလိမ့်မည်ဟု ဖြေခဲ့သည်။ ဆိုလိုသည်မှာ တတိယကမ္ဘာစစ်တွင် နျူကလီးယားဗုံးများဖြင့် လူသားများ၊ အဆောက်အအုံ၊ လူ့ယဉ်ကျေးမှုအားလုံး ပြုတ်ပြုတ်ပြုန်းအောင် တိုက်ကြမည်ဖြစ်၍ လူ့ယဉ်ကျေးမှုအစ(ကျောက်ခေတ်) ပြန်ရောက်ကာ စတုတ္ထကမ္ဘာစစ်တွင် ကျောက်ခဲများဖြင့်သာ ပစ်ပေါက်တိုက်ခိုက်စရာရှိတော့မည်ဟု အိုင်းစတိုင်းက ဆိုလိုပေသည်။

ထို့ကြောင့် ကုလသမဂ္ဂပဋိညာဉ် နိုင်ငံတကာဥပဒေစံနှုန်း၊ ဘန်ဒေါင်းကြေညာချက်ပါ မူ (၁၀) ရပ်၊ လူ့ယဉ်ကျေးမှုကျင့်ဝတ်များကို လိုက်နာကြမှသာ ကမ္ဘာကြီးတည်တံ့စည်ပင်ဝပြောပေလိမ့်မည်။ ယခုအခါ ကမ္ဘာတစ်ခွင် ဟိုနားက ပြည်တွင်းစစ်၊ ဒီနားက ကန့်သတ်စစ်၊ ဟိုဘက်နားက နယ်နိမိတ်စစ်၊ အဲဟိုဘက်က နယ်ချဲ့ကျူးကျော်စစ်၊ အဲဒီဘက်က နယ်ချဲ့(ပြည်ပ) ပယောဂပါသော ပြည်တွင်း ပုန်ကန်စစ် စသည်များဖြင့် ထောင်းလမောင်းထနေပေသည်။ ရေနံစစ်ပွဲ၊ ဩဇာထူထောင်ရေးစစ်ပွဲ၊ ရန်ဘက်ရှင်း(စစ်အေးစစ်ပူ)တိုက်ပွဲ၊ ဗိုလ်ကျစိုးမိုးရေး (စကြဝတေးမင်း)စီမံကိန်းစစ်ပွဲ၊ ဆူပူအုံကြွမှုများလည်း အတောမသတ်ပေ။ ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေးတို့ကို ရောသမမွှေထားသော စစ်ပွဲ၊ အဓိကရုဏ်း၊ ပဋိပက္ခများကလည်း နေရာအနှံ့ဖြစ်ပွားနေပေသည်။

ယနေ့နိုင်ငံအားလုံး အသိတရားရှိရှိဖြင့် လိုက်နာကျင့်သုံးအပ်သော မူကြီး(၅) ရပ်ကား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ဖြစ်ပေသည်။ ယင်းမူကြီး(၅)ရပ်မှာ ဤသို့ဖြစ်သည်-

၁။ တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်မှုကို တစ်နိုင်ငံကလေးစားရမည်။

၂။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုရန်။

၃။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်။

၄။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူမှုရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်။

၅။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်။

ဤငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် (Five Principles of Peaceful Co-existance) ကိုသာ နိုင်ငံတိုင်း၊ လူမျိုးတိုင်း၊ ဘာသာတိုင်း၊ လိုက်နာကျင့်သုံးကြလျှင်ကမ္ဘာကြီးငြိမ်းချမ်း သာယာလာပေမည်။ စီးပွားရေးလုပ်ငန်းများအတွက်လည်း ဝိသမလောဘရှောင်၊ ကောင်းရောင်းကောင်းဝယ်လုပ်၊ ကိုယ့် မရှိတာ ပေါက်ဈေးပေးဝယ်၊ ကိုယ်ရောင်းချင်တာကြိုက် ဈေးခေါ် (ယှဉ်ပြိုင်) ရောင်းကြလျှင် ရေနံစစ်ပွဲ၊ ကုန်ကြမ်းဈေးကွက်၊ ကုန်ချောဈေးကွက် စစ်ပွဲများဖြစ်ရန်မလိုပေ။ ဒါဝင်၏ သီအိုရီအရဖြစ်လာသော ကမ္ဘာ့လူသားများ သို့မဟုတ်၊ ဘာသာတရားအယူအရ ဘုရားသခင်က ဖန်ဆင်းတော်မူသော ကမ္ဘာ့လူသားများကို ဗုဒ္ဓဘာသာတို့အယူအရ မနုသဿဘာဝ ဒုလ္လဘ ရတောင့်ရခဲလူဘဝကိုသက်တမ်းစေ့ချမ်းသာစွာနေခွင့်ပေးသင့်ကြသည်။ စစ်ပွဲ၊ အဓိကရုဏ်း အဖုံဖုံဖြင့် မသေစေသင့်ပေ။ ဤသို့လူသားဘဝများကို ကာကွယ်ရန် လူသားချင်း စေတနာစိတ်ရင်းကောင်းဖြင့် စာနာတတ်ကြရပေမည်။ လူသားချင်း၊ နိုင်ငံချင်း တန်းတူဆက်ဆံကြရပေမည်။

နိုင်ငံရေးအယူဝါဒ၊ စီးပွားရေးစနစ်၊ ဘာသာရေးကိုးကွယ်မှုမတူညီကြစေကာမူ ဘာသာကွဲရုံ၊ ဝါဒကွဲရုံ၊ လူမျိုးခြားရုံဖြင့် ရန်မလိုကြဘဲ ကိုယ်ယုံရာကိုယ်လုပ် သူတစ်ပါးယုံတာကိုလည်းမနှောင့်ယှက်၊ တစ်ဖက်နှင့်တစ်ဖက် မထိပါးကြဘဲ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကြလျှင် ဤကမ္ဘာသည် ဧကန်မုချ လောကနိဗ္ဗာန်သို့မဟုတ် မြေပြင်သုခဘုံ(ကောင်းကင်ဘုံ)ဖြစ်ပေမည်။

ဤသို့သော လူသားချင်း၊ ဘာသာချင်း၊ နိုင်ငံချင်း၊ ပြေလည်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်သည် လူ့လောက ပဉ္စသီလဟု ဆိုနိုင်လောက်ပေသည်။ အယူအဆကိုစတင်ဖော်ထုတ်ပေးခဲ့သော နိုင်ငံများနှင့် ပုဂ္ဂိုလ်များမှာ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံခြားဆက်ဆံရေးကျင့်ဝတ်အမွေကို ခံယူခဲ့သည့် မြန်မာနိုင်ငံမှ ဝန်ကြီးချုပ်ဦးနု၊ အိန္ဒိယလွတ်လပ်ရေး ဗိသုကာဝန်ကြီးချုပ် ဂျဝါဟာလာနေရူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းတို့ (၃) ဦးဖြစ်ပေသည်။ ၁၉၅၄ ခုနှစ်က ထိုပုဂ္ဂိုလ်(၃)ဦးဆုံတွေ့ကြရာမှ ကမ္ဘာ့အခြေအနေကိုသုံးသပ်ဆွေးနွေးကြရင်း ဤငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ဖော်ထုတ်တင်ပြကျင့်သုံးလာခဲ့ခြင်းဖြစ်ရာ ယခု ၂၀၁၄ ခုနှစ်တွင်မူကြီး (၅) ရပ် နှစ် (၆၀) ပြည့် အခါသမယဖြစ်လေသည်။

မြန်မာ-တရုတ်ပူးတွဲကြေညာချက်များ တရုတ်-အမေရိကန်၊ မြန်မာ-ဆိုဗီယက် ပူးတွဲကြေညာချက်များစွာ၌ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅) ရပ်ကို နှစ်ဖက်စလုံးက ခံယူကြောင်းဖော်ပြခဲ့ကြသည်။ ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကျင်းပသော အမျိုးသားညီလာခံမူများ၊ ယင်းမူများကိုအခြေခံပြီး ရေးဆွဲထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း မြန်မာအစိုးရအဆက်ဆက်ကြေညာကျင့်သုံးသော နိုင်ငံခြားရေးမူဝါဒတွင်လည်းကောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို ခံယူကြောင်း ဖော်ပြထားပေသည်။

မတူကွဲပြားရုံဖြင့်မတိုက်ခိုက်၊ ရန်မလိုကြဘဲ ကိုယ်ယုံတာကိုယ်လုပ် ငြိမ်းချမ်းစွာအတူနေ အကျိုးတူအမြင်တူသမျှ ပူးပေါင်းလုပ်ကြလျှင် ပြည်တွင်းနိုင်ငံရေး၊ ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးတို့အတွက် မဟာဩသဓဆေးစွမ်းကောင်းတစ်လက်၊ လိုတရ မနောမယပတ္တမြားတစ်လုံးဖြစ်နိုင်ကြောင်းပါခင်ဗျာ။ ။

**နိုင်ငံအချင်းချင်း တန်းတူလေးစားစွာ ဆက်ဆံ၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ အသားအရောင်၊ လူမျိုး၊ အဆင့်အတန်းခွဲခြားမှု ဆန့်ကျင်ရေးစသည့် ကုလသမဂ္ဂလုပ်ငန်းများ၌ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခြင်းကို လွတ်လပ်၍ တက်ကြွသောဝါဒဟု ရည်ညွှန်းပေသည်**

ပြည်တွင်းရေးရာ

# ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ တရုတ်စီးပွားရေးစင်္ကြံတည်ထောင်နိုင်မည့် အလားအလာများ ဆွေးနွေး



**ပေကျင်း ဇွန် ၂၈**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်းတို့သည် ယနေ့ညနေ ၄ နာရီတွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံဆွေးနွေးကြသည်။ **(ဓာတ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ တရုတ်စီးပွားရေးစင်္ကြံတည်ထောင်နိုင်မည့် အလားအလာများ၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ မြန်မာ-တရုတ်စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးဇေယျာအောင်၊ ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

### ❍ နိုင်ငံတော်သမ္မတမှ

၄၈ ရက် အပူဇော်ခံခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွယ်တော် သီတင်းသုံးစံပယ်တော်မူနေသည့် လင်ကွမ်းကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ချောင်ဝမ်ခရိုင်အတွင်းရှိ တရုတ်နိုင်ငံ မင်မင်းဆက်လက်ထက်တွင် စတင်တည်ဆောက်ခဲ့သည့် Temple of Heaven ကျောင်းဆောင်ကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

**(သတင်းစဉ်)**

### ❖ ကျောဖုံးမှ

မိုးလေဝသဒဏ်ကိုခံနိုင်သော နေကြာကို များသောအားဖြင့် စိုက်ပျိုးသည်။ "ကျွန်တော်တို့ ဒေသက သီးနှံမျိုးစုံစိုက်တယ်၊ ဒီနှစ်ဆို သူများရွာတွေ မိုးဦးများပြီး နှမ်းတွေသေကုန်တာ၊ ကျွန်တော်တို့ရွာက တောင်သူတွေတော်တော်ရတယ်၊ မြစ်ရိုးတစ်လျှောက်ဆို ဒီနှစ် ရုံးပတီသီးစိုက်တာ တောင်သူတွေဝင်ငွေကောင်းတယ်၊ နေကြာကတော့ တောင်သူတိုင်းနီးပါးစိုက်ကြတယ်၊ ရာသီဥတုဒဏ်လည်းခံတယ်၊ နေကြာခင်းတွေကလည်း တော်တော်ကောင်းတယ်၊ အရင်နှစ်တွေကဆိုရင် ဒီထက်စိုက်ပျိုးကြတယ်"ဟု တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

နေကြာစိုက်ပျိုးခြင်းသည် အခြားသီးနှံစိုက်ပျိုးခြင်းထက် ဂရုတစိုက်ဆောင်ရွက်ရခြင်းမျိုးမဟုတ်ဘဲ ထွန်ယက်ပြီး နေကြာမျိုးကြဲပက်ထားရခြင်းကြောင့် လူနှင့်လုပ်အား၊ အရင်းအနှီးများစွာမကုန်ကျဘဲ ဈေးကောင်းရလျှင် တောင်သူများဝင်ငွေကောင်းမွန်သောကြောင့် ဆီထွက်သီးနှံနေကြာကို စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းနိုင် (ကျောက်ဆည်)**

### ❒ မြန်မာအသင်းမှ

ဂျေလိဂ်၏ နာမည်ကြီးကလပ် ဆီရီဇိုအိုဆာကာအသင်းမှာ ဒုတိယပိုင်းတွင် သွင်းယူခဲ့သော တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းတွင် အမာခံကစားသမား အစုံအလင်နီးပါး ပါဝင်ခဲ့သော်လည်း ခြေစွမ်းပိုင်းအရ အကောင်းဆုံးပုံစံမရှိသေးသလို တိုက်စစ်ပိုင်းကလည်း အားနည်းချက်များရှိနေဆဲပင်ဖြစ်သည်။ ဆီရီဇိုအိုဆာကာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၂ မိနစ်တွင် ဟာရီနိုက သွင်းယူပေးခဲ့သည်။

## တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၈**

ပို့ဆောင်ရေးဝန်ကြီးဌာန၏ နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်ပါ "တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲ"ကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ သခင်မြပန်းခြံအနီးရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို လျင်မြန်ထိရောက်စွာ အကောင်အထည်ဖော်ရာမှာ ဝန်ထမ်းများအနေနဲ့ မိမိအဆင့်အလိုက် တာဝန်ယူရတဲ့ လုပ်ငန်းကဏ္ဍများ အဆင်ပြေချောမွေ့အောင် ဗဟိုမှ တိုက်ရိုက်အမိန့်ပေးကွပ်ကဲမည့် စနစ်ကို ကျင့်သုံးခြင်းမပြုဘဲ အောက်သို့ လုပ်ပိုင်ခွင့်အာဏာ ဖြန့်ဝေပေးထားသည့်အတိုင်း တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းကာ ပြည်သူ့အကျိုးသယ်ပိုးထမ်းဆောင်တဲ့ ပြည်သူ့ဝန်ထမ်းကောင်းတွေဖြစ်စေဖို့ ဖြစ်ကြောင်း။

ဌာနအကြီးအကဲများကလည်း ကိုယ်တိုင်အရည်အသွေး မြင့်မားအောင်ကြိုးပမ်းရင်း မိမိလက်အောက်ဝန်ထမ်းများအပေါ် ခေါင်းဆောင်မှုကောင်းကောင်းဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ကြဖို့ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူမှုများမဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်ရန် စီမံခန့်ခွဲအုပ်ချုပ်မှုအပိုင်းတွင် အဆင့်လိုက် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် အညီ လုပ်ကိုင်ဆောင်ရွက်စေပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (Decentrali - zation) ကို ပီပီပြင်ပြင် လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ် Quick Win ရရှိအောင် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဌာနအကြီးအကဲများ၊ အရာထမ်းများ၊ အမှုထမ်းများကလည်း ရုံးလုပ်ငန်းစနစ်များကောင်းမွန်လာအောင် ဝန်ထမ်းများ၏စိတ်ဓာတ် (Mind Set) များကိုပြင်ပြီး တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့ဗဟိုပြုကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းတိုးတက်အောင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်ကောင်းကောင်း၊ စည်းကမ်းကောင်းကောင်း၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို စေတနာကောင်းကောင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာအောင်သူငြိမ်းက ဟောပြောပို့ချပြီး မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးပြောကြားသည်။

အလားတူ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၌ ဆက်လက်ကျင်းပရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နိုင်ငံတကာဆက်ဆံရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနမှ ဒေါက်တာမျိုးငြိမ်းအေးက ဟောပြောပို့ချပြီး မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးသည်။

**(သတင်းစဉ်)**

## ကျိုင်းတုံမြို့နယ်တွင် စနစ်ကျလယ်ယာမြေဖော်ထုတ်ဆောင်ရွက်

**ကျိုင်းတုံ ဇွန် ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စက်မှုလယ်ယာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျိုင်းတုံမြို့ အမှတ် (၉၂) စက်မှုလယ်ယာ စခန်းမှ မက်ဆီဖာကူဆန် ထွန်စက်သုံးစီးဖြင့် စိုက်ပျိုးရေးသုတေသနခြံမြေ ၁၇ ဒသမ ၄၁ ဧကကို စနစ်ကျလယ်ယာမြေဖော်ထုတ်ဆောင်ရွက်ရာ ဇွန် ၂၇ ရက်က စနစ်ကျလယ်ယာမြေ ၁၁ ဧက ဖော်ထုတ်ဆောင်ရွက်နိုင်ကြောင်းနှင့် ကျန်ရှိနေသော လယ်ယာမြေများကို စက်များဖြင့် ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် နှစ်(၆၀)ပြည့် အထိမ်းအမှတ်




ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နယ်နိမိတ်စာချုပ် အောင်မြင်စွာ ချုပ်ဆိုပြီးစီးမှုကို မြန်မာ့အလင်းသတင်းစာ၌ ဤသို့ဖော်ပြထားသည်။

မြန်မာ-တရုတ်နယ်နိမိတ် ပူးတွဲကော်မတီ၏ တတိယနှင့် နောက်ဆုံး အစည်းအဝေး ပေကျင်း၌ကျင်းပမှုကို မြန်မာ့အလင်းသတင်းစာ၌ ဤသို့ ဖော်ပြခဲ့သည်။



၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ်ကြွချီတော်မူလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာပြည်သူ ပြည်သူများ ဖူးမြော်ကြည်ညိုကြစဉ်။ (အပေါ်ပုံနှင့် အောက်ဝဲပုံ)

## ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်

☆ တစ်နိုင်ငံ၏နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်
☆ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရန်
☆ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်
☆ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်
☆ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်

မြန်မာနိုင်ငံသို့ လေးကြိမ်တိုင်ကြွရောက်တော်မူခဲ့ပြီး တရုတ်နိုင်ငံ ပေကျင်းမြို့ လင်ကွမ်းကျောင်းတော်၌ သီတင်းသုံးစံပယ်တော်မူသည့် ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံသူ နိုင်ငံသားများလှူဒါန်းသည့် ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲ၊ ရွှေစင်နှင့် ရတနာမျိုးစုံတို့အား ဓမ္မဘဏ္ဍာပစ္စည်းများအဖြစ် တွေ့ရစဉ်။

မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်မြောက်ကြွချီလာသည့် ဗုဒ္ဓစွယ်တော်မြတ်အား ဤသို့သပ္ပါယ်စွာ ဖူးတွေ့ရစဉ်။

မြန်မာသမ္မတ ဦးဘဦးနှင့် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့ ၁၉၅၄ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ရန်ကုန်မြို့၌ တွေ့ဆုံကြစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံမှလှူဒါန်းခဲ့သည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုစဉ်။

၁၉၅၄ ခုနှစ် ဇွန် လ ၂၈ ရက် ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့ နိုင်ငံတော်ဝန်ကြီးချုပ်နေအိမ်၌ တွေ့ဆုံဆွေးနွေးကြစဉ်။

# ပြည်ထောင်စုဝန်ကြီးများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များမှ ဒေသခံပြည်သူများ တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့သည် ယမန့်နေ့နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မြို့နယ်များမှ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ဖြင့် တည်ဆောက်၍မရဘဲ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်ဆန်လာမည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တွင် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာပြီဖြစ်သဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းကို အစိုးရတစ်ခုတည်းကသာမက အားလုံးသော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူများ များစွာလိုအပ်ပါကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်အောင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုသည့် စိတ်ထားထားရှိရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံမြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးဖြေကြားပေးကြပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ယနေ့ဆွေးနွေးချက်များသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များဖြစ်ပါကြောင်း၊ လူမှုအဖွဲ့အစည်းများ အားကောင်းလာပါက ဒေသဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ တတိယအဆင့် အရှိန်မြှင့်တင်မှုကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်ပေါင်းစပ်ညှိနှိုင်းသည့် လုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်ဆောင်ရွက်ပြီး ဒီမိုကရေစီအခြေခံအုတ်မြစ်ခိုင်မာရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားနှင့် စွမ်းရည်မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ ဒေသထွက်ကုန် ကုန်ကြမ်းပစ္စည်းများအား ဈေးကောင်းရရှိစေရန် ကုန်ချောထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတွင် ကျောင်းသားများ၏ အရည်အသွေးမြင့်မားလာအောင် ဆရာနှင့်မိဘများက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပညာရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေပါကြောင်း၊ လူသားအရင်းအမြစ်မွေးထုတ်သည့် လုပ်ငန်းသည် အချိန်အကြာဆုံးဖြစ်ပါကြောင်း၊ ဒေသ၏လိုအပ်ချက် လူ့စွမ်းအား အရင်းအမြစ်များကို မိမိတို့ဒေသမှ မွေးထုတ်နိုင်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ပိုင်ဆိုင်ထားသည့် မြေအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချပြီး ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ရှမ်းပြည်နယ်သည် ကုန်သွယ်မှုများ တိုးတက်လာပြီဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လားရှိုးမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိမြို့နယ်များသည်လည်း ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သကဲ့သို့ ဒေသခံများ အကျိုးရှိရန်လည်းလိုအပ်ပါကြောင်း၊ ပြည်ပနှင့် ဆက်စပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကို ဆောင်ရွက်သင့်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသင်းအဖွဲ့များ၏ ပေါင်းစည်းမှု အင်အားလိုအပ်ပြီး စည်းရုံးမှု၊ ဆွေးနွေးမှုများကို ပြုလုပ်ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ယခုကဲ့သို့ ရှမ်းပြည်နယ်၏ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာမှုများသည် ပြည်သူများနှင့် အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိလာခြင်းဖြစ်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများအနေဖြင့် မိမိလုပ်ငန်းတာဝန်များအား သိရှိပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တွင်ရှိသည့် မြို့နယ်ပေါင်း ၅၀ အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့နိုင်ရန် လျာထားမှုများ ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအသီးသီးသည် လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကျော်ညွန့်က ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တစ်မြို့နယ်လျှင် ကျပ်သိန်း ၄၀၀ နှုန်းဖြင့် (၅)မြို့နယ်အတွက် စုစုပေါင်း ကျပ်သိန်း ၂၀၀၀ အား သိန်းနီ၊ တန့်ယန်း၊ ကွမ်းလုံ၊ မိုင်းရယ်နှင့် လားရှိုးမြို့နယ်တို့မှ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌများထံသို့လည်းကောင်း၊ ပြည်နယ်ဝန်ကြီး ဒေါက်တာမျိုးထွန်းက မြို့နယ်ပညာရေးမှူးများထံသို့ ကျောင်းသုံးဗလာစာအုပ်များကိုလည်း ပေးအပ်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်း ရှေ့ပြေးစီမံချက်များဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၈**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် မှန်ကန်ပြည့်စုံသော မဲဆန္ဒရှင်စာရင်းရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှေ့ပြေးစီမံချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တို့တွင် ဆောင်ရွက်လျက်ရှိသည်။

ဤသို့ဆောင်ရွက်ရာတွင် ပြည်တွင်းလူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် The Serenity Initiative(TSI)အဖွဲ့နှင့် အခြားလူမှုရေးအဖွဲ့အစည်း (၂၅)ဖွဲ့က ပူးပေါင်းပါဝင်ကူညီဆောင်ရွက်လျက်ရှိကြသည်။ ယင်းအဖွဲ့များက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်များ၏ အမည်များနှင့် ကိုယ်ရေးအချက်အလက်များကို ကွန်ပျူတာတွင် ထည့်သွင်းရာ၌ ကြည့်ရှုလေ့လာကြမည့်အပြင် မဲဆန္ဒရှင်များအား မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုကြစေရန် ပညာပေးနှိုးဆော်ကြမည်ဖြစ်ပြီး မဲစာရင်းနှင့်ပတ်သက်၍ လိုအပ်ချက်ရှိသည့် မဲဆန္ဒရှင်များအား ကူညီဆောင်ရွက်ပေးကြမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပညာပေးပိုစတာများ၊ လက်ကမ်းကြော်ငြာများ အသုံးပြုပညာပေးသွားမည်ဖြစ်သည်။ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားများကို ပိုစတာများ၊ ကြော်ငြာများဖြင့် ဖြန့်ဝေသွားမည်ဖြစ်သည်။

ယခုရှေ့ပြေးစီမံချက်ကို ဩဂုတ်လကုန်ခန့်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားပြီး တစ်နိုင်ငံလုံးအတွက် မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်ပြီး ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် ပြီးစီးရန် လျာထားကြောင်း သိရှိရသည်။

စုံစမ်းသိရှိလိုသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြင်ပဆက်သွယ်ရေးဌာန ဖုန်း- ၀၆၇-၄၀၄၂၂၉ နှင့် အီးမေးလ်- info@uec.gov.mm သို့ ဆက်သွယ်နိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အကြံပေးပညာရှင်များအား ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၈**

လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သည့် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အကြံပေးပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မင်းအောင်နှင့် ဒေါက်တာအောင်ကျော်မြတ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ အထက(၁)ဒဂုံမှ အလယ်တန်းပြ ဒေါ်နေခြည်ဦးနှင့် ယဉ်ကျေးမှုတက္ကသိုလ်ရန်ကုန်မှ ကထိက ဒေါက်တာမြမြကြည်တို့က မြတ်ဆရာတေးထပ်ဖြင့် သီဆိုဖျော်ဖြေတင်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးများက ပညာရှင်ဆရာကြီး ဆရာမကြီးများအား မိမိတို့အသက်အရွယ်နှင့် ကျန်းမာရေးကိုမငဲ့ကွက်ဘဲ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမြှင့်တင်မှုများအတွက် စေတနာအပြည့်၊ မေတ္တာအပြည့်၊ အချိန်အပြည့်ပေး ဆောင်ရွက်ခဲ့ကြပြီး မိမိတို့၏ပညာနှင့် အဘက်ဘက်က အကူအညီပေးခဲ့ကြမှုအပေါ် ဂါရဝပြုကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပညာရှင် ဆရာကြီး ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ပြီး တက်ရောက်လာကြသူများက ပညာရှင်ကြီးများအပေါ် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အား ရည်မှန်း၍ ပူဇော်ကန်တော့ကြရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများက အသီးသီးဩဝါဒစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်ကြီးအတွင်း သိမ်တော်ကုန်း ဘုန်းတော်ကြီး ကျောင်းအနောက်ဘက်တွင် အော်ရီဒူးကုမ္ပဏီမှ ဆောက်လုပ်သော ဆက်သွယ်ရေး တာဝါတိုင် ပြီးစီးမှုကို ယခုကဲ့သို့ မြင်တွေ့ ရပြီးရမည်းသင်းမြို့နယ်အတွင်းတွင် ယင်းကုမ္ပဏီမှ ဆက်သွယ်ရေး တာဝါတိုင် ငါးတိုင်တည်ဆောက်စိုက်ထူသွားမည်ဟု သိရသည်။

**လှိုင်းသန်းတင့်**
**(ရမည်းသင်း)**



# မြန်မာ၊ တရုတ်၊ အိန္ဒိယ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ကြေညာခဲ့သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုညှော်ခံပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၈**

မြန်မာ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် ကြေညာခဲ့သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညှော်ခံပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ယနေ့ညပိုင်းတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမရ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Chen Chen၊ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Y K Sailas Thangal၊ ရန်ကုန်အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က**(အပေါ်ယာပုံ)** အဖွင့်အမှာစကားပြောကြားရာတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် စတင်ချမှတ်ခဲ့သည့် ၁၉၅၄ ခုနှစ်ကပင် မြန်မာနိုင်ငံသည် ယင်းမူကြီးများအတိုင်း တိကျစွာ လိုက်နာကျင့်သုံးခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ အစဉ်အဆက်ကျင်းသုံးခဲ့သော လွတ်လပ်တက်ကြွ၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒသည် ယင်းမူကြီး(၅)ရပ်အပေါ်တွင် အခြေခံကြောင်း၊ ယနေ့ နိုင်ငံတကာတွင် သာတူညီမျှမှုနှင့် တရားမျှတမှုရှိပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးနှင့် လိုက်နာကျင့်သုံးရေးမှာ များစွာအရေးပါလာပြီဖြစ်ကြောင်း၊ မြန်မာ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ခေါင်းဆောင်ကြီးများအနေဖြင့် ယင်းမူကြီးများအား နိုင်ငံတကာမှလက်ခံကျင့်သုံးရေးနှင့် ယင်းမူကြီးများ၏ အရေးပါမှုကို မြှင့်တင်သွားရေး၊ အချုပ်အခြာအာဏာပိုင်နိုင်ငံများအကြား တန်းတူညီတူရှိရေး၊ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများရှိရေး၊ အများနှင့်သက်ဆိုင်သော လုံခြုံမှုရှိရေး၊ သာတူညီမျှမှုနှင့် တရားမျှတမှုရှိရေးအတွက် ထိန်းသိမ်းရေးနှင့် ချိန်ခွင်လျှာညီမျှသော ကမ္ဘာကြီးဖြစ်စေရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဟု ထပ်လောင်းကတိပြုပါကြောင်း၊ နှစ်ပေါင်းများစွာတည်ဆောက်ထားပြီးဖြစ်သည့် ခိုင်မာပြီးအခွန့်ရှည်သော ဆက်ဆံရေးအပေါ် အခြေခံကာ မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့အနေဖြင့် ယနေ့နှင့် အနာဂတ်တွင် ရင်ဆိုင်တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကို အခြားသော ငြိမ်းချမ်းရေးကိုမြတ်နိုးသည့် ကမ္ဘာ့နိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# ပျော်ဘွယ်မြို့နယ်အတွင်း မိုးကြိုနှမ်းများဖြစ်ထွန်းအောင်မြင်လျက်ရှိ

**ပျော်ဘွယ် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဝက်လက်အုပ်စု ချောင်းမကြီးဆည် လက်ယာလက်တံမြောင်းအမှတ်(၆) စိုက်ပျိုးရေသောက် ဝက်လက်ကျေးရွာ၊ ရွာသာကျေးရွာ၊ ရွာတန်းကျေးရွာ၊ သက်ကယ်ချင်းကျေးရွာများတွင် မိုးကြိုနှမ်းများ စိုက်ပျိုးထားရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။

ယင်းဒေသများတွင် ယခင်နှစ်ကစိုက်ပျိုးရေမရရှိ၍ စိုက်ပျိုးနိုင်ခြင်းမရှိကြောင်း သိရသည်။ ယခုနှစ်တွင် စိုက်ပျိုးရေရရှိ၍ မိုးကြိုဝါစိုက်ပျိုးခဲ့သော်လည်း မိုးဦးကျရာသီတွင် မိုးသီးဒဏ်ကြောင့် ဝါပင်များပျက်စီး ဆုံးရှုံးမှုများသဖြင့် နှမ်းကို အစားထိုးစိုက်ကြခြင်းဖြစ်သည်ဟု သိရသည်။

နှမ်းစိုက်ရက် ရက် ၅၀ ဝန်းကျင်ရှိပြီဟု သိရပြီး ဝါခေါင်လတွင် ရိတ်သိမ်းကြမည်ဖြစ်သည်။ နှမ်းများ ရိတ်သိမ်းပြီးနောက် မိုးစပါးစိုက်ပျိုးမည်ဟု သိရသည်။ ပျိုးထောင်ရေလည်းရရှိမည်ဖြစ်၍ စပါးပျိုးထောင်မည့် အကွက်များတွင် လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# အသေးစားချေးငွေလုပ်ငန်းကဏ္ဍတိုးတက်ရေး သဘောတူလက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံရှိ အခြေခံလူတန်းစားများ၏ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် နည်းပညာဖလှယ်ရေးနှင့် ချေးငွေပံ့ပိုးမှုများပြုလုပ်ပြီး အသေးစားချေးငွေလုပ်ငန်းကဏ္ဍတိုးတက်ရေးအတွက် ရည်ရွယ်၍ Myanmar Microfinance Bank Limited (MMB), CB Bank (CB)နှင့် The Bank of Tokyo-Mitsubishi UFJ, Ltd. (BTMU) တို့၏ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Sule Shangrila ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် MMB မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်၊ CB Bank မှ အမှုဆောင်ဒုတိယ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးကျော်လင်း၊ BTMU-Asia and Oceania (Singapore)မှ အမှုဆောင်အရာရှိချုပ် Mr.Go Watanabe တို့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။**(ဓါတ်ပုံ)**

ယခု နားလည်မှုစာချွန်လွှာအရ BTMU မှ အသေးစားချေးငွေလုပ်ငန်းနှင့်ဆိုင်သော နည်းပညာအကြံဉာဏ်ပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း သို့မဟုတ် ကနဦး ရင်းနှီးမြှုပ်နှံငွေထုတ်ပေးခြင်းတို့ဖြင့် အသေးစားချေးငွေလုပ်ငန်းကဏ္ဍကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရအား အသေးစားချေးငွေလုပ်ငန်းနှင့် သက်ဆိုင်သောစည်းမျဉ်းဥပဒေများ ကြီးကြပ်မှုကဏ္ဍများတွင်လည်း ပူးတွဲအထောက်အပံ့များပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် ကိုက်ညီသော အသေးစားချေးငွေအမျိုးအစားနှင့် စနစ်များကို ပံ့ပိုးပေးနိုင်ရန်အတွက် CB Bank နှင့် MMB တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊ BTMU အုပ်စုဝင်ကုမ္ပဏီများနှင့် ပူးပေါင်း၍ ၎င်းတို့၏ကျွမ်းကျင်မှုနှင့် နည်းပညာများကို ပြည်တွင်းဘဏ်များသို့ သင်တန်းများပေးခြင်း၊ နည်းပညာအကြံဉာဏ်များပေးခြင်းဖြင့် လွှဲပြောင်းပေးရန် ရည်ရွယ်ပါကြောင်း အမှုဆောင်အရာရှိချုပ် Mr.Go Watanabe က ပြောကြားသည်။

မကြာမီကာလတွင် CB Bank ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အသေးစားချေးငွေလုပ်ငန်းများအား ဘဏ္ဍာငွေကြေးအထောက်အပံ့ပေးနိုင်စွမ်းကို ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ချေးငွေစာချုပ်ကို ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူပြီး BTMU နှင့် CB Bank တို့အကြား လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား

ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော လူစီးရထားများ၌ ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် **(Computerized Ticketing System)**ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ **Open Tender** တင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်း ပြေးဆွဲသောရထားများ၌ လက်မှတ်ဝယ်ယူမှု ပိုမိုလွယ်ကူအဆင်ပြေစေနိုင်ရေးအတွက် ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် (Computerized Ticketing System)ကို ပုဂ္ဂလိကနှင့်အကျိုးတူ ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် လူစီးရထားများ၏ လက်မှတ်များအား ကွန်ပျူတာအသုံးပြု၍ လက်မှတ်ရောင်းချမှုစနစ် (Computerized Ticketing System)ဖြင့် ကနဦးအစိက ဘူတာကြီး(၁၅)ဘူတာတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို (၃)နှစ် ခွင့်ပြုစာချုပ် ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်ပါသည်။ တင်ဒါစာအိတ်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ စီးပွားရေးဌာန မြန်မာ့မီးရထားရုံးချုပ် (နေပြည်တော်ဘူတာကြီး)သို့ ၁၄-၇-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပေးပို့သွားကြရန်နှင့် နောက်ကျပေးပို့လာသည့် တင်ဒါစာအိတ်များကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ်(၃၀၀၀၀/-)ဖြင့် ၃၀-၆-၂၀၁၄ရက်မှစ၍ မြန်မာ့မီးရထား၊ စီးပွားရေးဌာန(နေပြည်တော် ဘူတာကြီး)နှင့် မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၇)တိုင်း- ရန်ကုန်ရုံး၊ ရန်ကုန်ဘူတာကြီးတို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (ဖုန်း ၀၆၇-၇၇၀၈၁/၀၆၇-၇၇၀၈၂)တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား

# ကျောက်စိမ်းအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၂၈**

(၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

နံနက်ပိုင်းတွင် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနားကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပပြီး ပြပွဲဗဟိုကော်မတီဝင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံမျိုးက ရတနာပြပွဲများသို့ အကြိမ် (၂၀) ဆက်တိုက် တက်ရောက်ခဲ့သည့် ပြည်ပရတနာကုန်သည် ငါးဦးအား လည်းကောင်း၊ ပြပွဲဗဟိုကော်မတီဝင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက ရတနာပြပွဲများသို့ (၂၅) ကြိမ် ဆက်တိုက် တက်ရောက်ခဲ့သည့် ပြည်ပရတနာကုန်သည် ငါးဦးအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ရတနာပြပွဲများသို့ အကြိမ် (၃၀)ဆက်တိုက် တက်ရောက်ခဲ့သည့် ပြည်ပရတနာကုန်သည် ငါးဦးအားလည်းကောင်း၊ (၃၅)ကြိမ်ဆက်တိုက် တက်ရောက်ခဲ့သည့် ပြည်ပရတနာကုန်သည်တစ်ဦးအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းက ဖားကန့်ရတနာမြေ ဒေသခံပြည်သူများအတွက် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လဝါး-ကာမိုင်း-ဖားကန့် လမ်းပေါ်ရှိ ကထန်ယန်တံတားတည်ဆောက်လှူဒါန်းခဲ့ကြသည့် ဖြိုးသီဟကျော် ကျောက်မျက်ကုမ္ပဏီ၊ မြန်မာကြွယ်ဝသောမြေ ကျောက်မျက်ကုမ္ပဏီနှင့် ဝေမိသားစုကျောက်မျက်ကုမ္ပဏီတို့က မန်နေဂျင်းဒါရိုက်တာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များသည် ခန်းမအတွင်း၌ ရတနာဆိုင်များ ဖွင့်လှစ်ရောင်းချမှု အခြေအနေများတွင် ရတနာကုန်သည်များ စျေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ ကို ယနေ့မှ ဇူလိုင် ၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၉၄ တွဲကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိစျေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးမည်ဖြစ်သောကြောင့် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမနှင့် သက်မှတ်နေရာများ၌ ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက် စိတ်ဝင်တစား ကြည့်ရှုလေ့လာမှတ်သားကြပြီး စျေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြီးကြပ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ပြပွဲသည် (၅) ရက်မြောက်ဖြစ်ပြီး ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဒုတိယအကြိမ်အဖြစ် ရောင်းချပေးခြင်းဖြစ်သောကြောင့် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားသည့် နေရာများတွင် လာရောက်ကြည့်ရှုသူ ရတနာကုန်သည်များ ယခင်နေ့များကထက် ပိုမိုများပြားပြီး စည်ကားလျက်ရှိသည့်အပြင် ခန်းမအတွင်း၌လည်း စျေးနှုန်းအဆိုပြုလွှာ ထည့်သွင်းသူ၊ လက်ဝတ်ရတနာအရောင်းဆိုင်များ၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်ဆိုင်များ၊ ကျောက်ကပ်ပန်းချီဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ၌ ဝယ်ယူအားပေးသူ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

(၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇူလိုင် ၆ ရက်အထိ အဆိုပါ ခန်းမ၌ နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သဲကုန်း၌ အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများ ပေးအပ်

**သဲကုန်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်တိုင်းရင်းဆေးမှူး ဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်အေးအေးအောင်တို့က အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာအလုံး ၁၅၀ ကို ကျေးရွာအုပ်စု ၅၀ သို့ ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။ **(မြို့နယ်ပြန်/ဆက်)**

# အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၈**



၂၀၁၄ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် NAT RAY ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် MR. NAT RAY နှင့် MS. REAL ပြိုင်ပွဲကို ဇွန် ၂၈ ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အားပေးကြည့်ရှုပြီး ဆုရရှိသူများအား ဆုများ ချီးမြှင့်ပေးသည်။

MR.NAT RAY ပြိုင်ပွဲနှင့် MS.REAL ပြိုင်ပွဲတွင် ကာယဗလမောင် သက်ကြီးတန်းအသက် (၅၀) နှစ်အထက် ၁၄ ဦး၊ ကာယဗလမောင်အငယ်တန်းပြိုင်ပွဲတွင် ၂၆ ဦး၊ ကာယဗလမောင် အလွတ်တန်းပြိုင်ပွဲတွင် ၁၀ ဦး၊ အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အရပ် ငါးပေ သုံးလက်မနှင့် အထက် ၁၀ ဦး၊ အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲ ငါးပေ သုံးလက်မအောက် ငါးဦး၊ ကာယဗလမောင် အကြီးတန်း ၁၀ ဦး၊ ကာယဗလမောင်အငယ်တန်း ၁၀ ဦး၊ ကာယဗလမောင် အလွတ်တန်း MR. NAT RAY ငါးဦး၊ အမျိုးသမီးကာယကြံ့ခိုင်မှု ငါးပေ သုံးလက်မနှင့်အထက် ငါးဦးတို့ ဝင်ရောက်ကြသည်။

ကာယဗလမောင် အကြီးတန်းပြိုင်ပွဲတွင် ဦးခွန်တင်မောင်မောင်က ပထမ၊ ဦးသင်းဝင်က ဒုတိယနှင့် ဦးပြားက တတိယတို့ ရရှိကြသည်။ ကာယဗလမောင် အငယ်တန်းပြိုင်ပွဲတွင် အောင်စိုးမင်း ပထမ၊ ဇော်လင်း ဒုတိယ၊ ဇေသူအောင် တတိယတို့ ရရှိကြသည်။ ကာယဗလမောင် အလွတ်တန်းပြိုင်ပွဲတွင် ထွန်းထွန်းအောင်က ပထမ၊ ညီဖြူ(ခ) ကျန်ကျောင်းက ဒုတိယနှင့် သိန်းထွန်းဦးတို့က တတိယ ရရှိကြသည်။

အမျိုးသမီးကာယကြံ့ခိုင်မှု Model Physique/ Fintness Physique ပြိုင်ပွဲတွင် အရပ် ငါးပေ သုံးလက်မနှင့်အထက် ဆွေဆွေအောင်က ပထမ၊ ချယ်ရီမောင်က ဒုတိယနှင့် ယုဝေခိုင်က တတိယရရှိကြပြီး ခိုင်ဝေလွင်နှင့် ဝိုင်းချစ်စုကိုလေးတို့လည်း ဂုဏ်ပြုဆုများ အသီးသီးရရှိကြသည်။

အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ Model Physique/ Fintness Physique ပြိုင်ပွဲတွင် အရပ် ငါးပေ သုံးလက်မအောက် ရှုမဝက ပထမ၊ ပိုးအိဖြူက ဒုတိယနှင့် ဝိုင်းစန္ဒာလင်းက တတိယရရှိကြသည်။ ဆုမြင့်ဝင်းနှင့် ဇင်သီကျော်ကျော်ထွန်း တို့က ဂုဏ်ပြုဆုများအသီးသီး ရရှိခဲ့ကြသည်။ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒေါ်စန်းစန်းနွယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးညီညီ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးလှမြင့်ဆွေ၊ NAT RAY ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်မာလာတို့က ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ခဲ့သည်။

အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် ပြိုင်ပွဲတစ်ခုလုံး ပံ့ပိုးမှုစပွန်ဆာအတွက် ဂုဏ်ပြုမှတ်တမ်းနှင့် တစ်သက်တာ ကြံ့ခိုင်မှုဂုဏ်ပြုဆုများကို ဝဏ္ဏကျော်ထင် ဦးလှမြင့်ဆွေကလည်းကောင်း၊ စင်ကာပူနိုင်ငံတွင် ကျင်းပသော (၁၂) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုတံခွန်စိုက်ပြိုင်ပွဲတွင် Model Physique/ Fintness Physique ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသော အမျိုးသမီးအားကစားအဖွဲ့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌက ချီးမြှင့်သော ဂုဏ်ပြုငွေကျပ် သိန်း ၅၀ ကို အိုလံပစ်ကော်မတီအဖွဲ့ဝင်များက ချီးမြှင့်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-စောလှိုင်ဝင်း (YCDC)**

# အီတလီအသင်း၏ နည်းပြဖြစ်လာရန် မန်စီနီ ရေပန်းစား

ဥရောပထိပ်သီးအသင်းတစ်သင်းဖြစ်သည့် အီတလီအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မည်သည့်အောင်မြင်မှုမှ ရယူနိုင်ခြင်းမရှိဘဲ အုပ်စုအဆင့်မှသာ စောစောစီးစီးထွက်ခွာသွားခဲ့ရသည့်အတွက် ၎င်းတို့၏ နည်းပြဖြစ်သူ ပရင်ဒယ်လီမှာ ပြီးခဲ့သည့်ရက်သတ္တပတ်က ရာထူးမှနုတ်ထွက်သွားခဲ့သည်။ ထို့ကြောင့် အီတလီနည်းပြရာထူးမှာ လစ်လပ်လျက်ရှိနေပြီး ယင်းနေရာကို အသင်းလက်မဲ့ဖြစ်နေသည့် အီတလီလူမျိုး နာမည်ကျော်နည်းပြ မန်စီနီ ရေပန်းစားလျက်ရှိကြောင်းသိရသည်။ မန်စီနီသည် တူရကီထိပ်သီးကလပ် ဂါလာတာစာရေးအသင်းနှင့် ၉ လကြာ လက်တွဲခဲ့သူဖြစ်ပြီး အသင်းအား ပြည်တွင်းရှုံး/ထွက်ဖလားတစ်လုံးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း တူရကီ အမှတ်ပေးဖလားကို ရရှိအောင်မစွမ်းဆောင်နိုင်သဖြင့် ရာထူးမှထုတ်ပယ်ခြင်းခံထားရသူဖြစ်သည်။ မန်စီနီမှာ နည်းပြဘဝတွင် အောင်မြင်မှုများစွာရယူထားနိုင်ခဲ့သူတစ်ဦးဖြစ်ပြီး အင်တာမီလန်၊ မန်စီးတီး စသော ဥရောပ ထိပ်သီးကလပ်အသင်းများတွင်လည်း အောင်မြင်မှုများရယူထားခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေသည့် ၎င်းအား အီတလီဘောလုံးအဖွဲ့ချုပ်မှ နည်းပြအဖြစ် ခန့်အပ်သွားရန်စီစဉ်နေခြင်းဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် မန်စီနီမှာ ယင်းရာထူးအတွက် လက်ခံဆွေးနွေးသွားဖွယ်ရှိပြီး မကြာမီတွင်

အီတလီအသင်း၏ နည်းပြဖြစ်လာဖွယ်ရှိကြောင်း အီတလီမီဒီယာများက ဖော်ပြခဲ့ကြသည်။ [ကိုရဲ]

# အာဂျင်တီးနားအသင်းကို အကောင်းဆုံးပုံစံဖြင့် ရင်ဆိုင်ကစားနိုင်မည်ဟု ယုံကြည်ကြောင်း ရှာကီရီပြောကြား

ဆွစ်ဇာလန်အသင်း၏ တိုက်စစ်မှူး ရှာကီရီသည် လာမည့် ကမ္ဘာ့ဖလား ရှုံး/ထွက် ၁၆ သင်းအဆင့်တွင် ရင်ဆိုင်ရမည့် အာဂျင်တီးနားနှင့် ပွဲစဉ်တွင်

အကောင်းဆုံးခြေစွမ်းပြကစားနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း ပြောကြားလိုက်သည်။ ရှာကီရီသည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယမြောက် ဟက်ထရစ် သွင်းယူနိုင်ခဲ့သည့်ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး ဟွန်ဒူးရပ်စ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အနိုင်ဂိုးသုံးဂိုစလုံးကို သွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ဆွစ်ဇာလန်အသင်းမှာ သုံးပွဲကစားကာ ရမှတ်ခြောက်မှတ်ရရှိပြီး ရှုံး/ထွက်အဆင့်သို့ တက်ရောက်လာခဲ့ပြီဖြစ်ကာ အာဂျင်တီးနားအသင်းနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။ ရှာကီရီက "ကျွန်တော်တို့ဟာ အခုဆိုရင် အာဂျင်တီးနားလို အသင်းကောင်းတစ်သင်းနဲ့ ဆုံတွေ့ရပါတော့မယ်။ အာဂျင်တီးနားအသင်းဟာ အသင်းကောင်းတစ်သင်း ဆိုပေမယ့် ကျွန်တော်တို့ကလည်း အကောင်းဆုံးတုံ့ပြန်သွားမှာပါ၊ ကျွန်တော်တို့အသင်းဟာ ဗိုလ်စွဲဖို့ရေပန်းစားတဲ့အသင်းတွေထဲမှာ မပါဝင်ပေမယ့် ဘောလုံးမှာ ဘာမဆိုဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့ကတော့ အတတ်နိုင်ဆုံး ကြိုးစားကစားဖို့ပါပဲ" ဟု ပြောကြားသွားခဲ့သည်။ ဆက်လက်ပြီး ၎င်းက "ဟက်ထရစ်သွင်းယူနိုင်တာကို ပျော်ရွှင်မိပါတယ်၊ ဒါပေမယ့် အဲဒါကိုချည်းပဲ ထပ်တလဲလဲပြန်တွေးပြီး ပျော်နေဖို့အချိန်မရှိပါဘူး၊ ကျွန်တော် ဂိုးတွေသွင်းယူနိုင်ခဲ့တယ် ဆိုတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးမှုကြောင့်ပါ"ဟု ပြောကြားခဲ့သည်။

[စွမ်းထက်အောင်]

၀၀၀၀

## အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲအတွက် မြန်မာအသင်းပြင်ဆင်

လာမည့် ဩဂုတ်လတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အရှေ့တောင်အာရှ လူငယ်ဘော်လီဘော ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် လူငယ်ဘော်လီဘော အသင်းများမှာ ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။ ထိုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အမျိုးသား၊ အမျိုးသမီး လူငယ်ဘော်လီဘော အသင်းများသည် ပဏာမကစားသမား ၄၅ ဦးဖြင့် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် (MVF)က ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတစ်ရပ်အနေဖြင့် လာမည့် ဇူလိုင်လတွင် နိုင်ငံတကာလက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားစေမည်ဖြစ်ပြီး ကွင်းနှင့်လိုက်လျောညီထွေဖြစ်စေရန်အတွက် ပြိုင်ပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို ဩဂုတ်လ ၂ ရက်မှ ၆ ရက်ထိ ယှဉ်ပြိုင်ကစားစေမည်ဖြစ်ပြီး မြန်မာအမျိုးသားလူငယ်ဘော်လီဘောအသင်းမှာ ပြီးခဲ့သည့် ပြိုင်ပွဲတွင် ဗိုလ်စွဲထားကြောင်း သိရသည်။ [ရဲစွမ်း]

## တရားမဝင်ရွှေကျောက်တူးဖော်နေသတင်း မှန်ကန်မှုမရှိဟုဆို

**ဖားကန့် ဇွန် ၂၈**

၁၃-၆-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၃)တွင် မြို့နယ်သတင်းထောက် စိုင်းဆေခမ်း ရေးသားသည့် "အငြင်းပွားလယ်မြေ၌ တရားမဝင် ရွှေကျောက်တူးဖော်နေ" သတင်းတွင် အချင်းဖြစ်လယ်ယာမြေနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ တိကျမှန်ကန်စွာဖြေရှင်းဆုံးဖြတ်ပေးခြင်း မပြုဟုလည်းကောင်း၊ တရားမဝင် ရွှေကျောက်တူးဖော်လျက်ရှိသည်ဟု လည်းကောင်း၊ လယ်ယာမြေအား အခြားနည်းလမ်းဖြင့် ခွင့်ပြုချက်မရှိဘဲ အသုံးပြုနေသည်ဟုလည်းကောင်း သတင်းဓာတ်ပုံနှင့်တကွ ဖော်ပြထားရာ အဆိုပါသတင်းအပေါ် သက်ဆိုင်သူကာယကံရှင်က သတင်းဖော်ပြချက်များမှာ မှန်ကန်မှုမရှိကြောင်း အထောက်အထားအချက်အလက်များနှင့်တကွ ပြန်လည် ဖြေရှင်းတင်ပြထားကြောင်း သိရသည်။

(ကြေးမုံ)

စာအုပ်စာပေ လှူမိတ်ဆွေ


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ ဘိုကုန်းကွင်းအကွက်အမှတ်-၆၄၊ အုပ်စုအမှတ်-၁၂၊ ဦးပိုင်အမှတ်-၈၄(ဆ)၊ မြေချိန်ဧရိယာ (၁. ၅၄၂)ဧက၊ ထာဝရဂရန်ဘိုးဘွားပိုင်မြေနှင့် မြေပေါ်ရှိ (၂)ထပ်အုတ်ညှပ်တိုက်၊ ရေမီးအစုံရှိသော အိမ်အမှတ်-၁၀၅၊ အထက်လမ်းမကြီး၊ မော်လမြိုင်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပြီး လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်သန်းသန်းဝင်း[၁၁/စတန(နိုင်)၀၆၇၁၂၉] (MMN- ၅၇၀၅၈၁)ထံမှ ကျွန်မ၏မိတ်ဆွေတို့က အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်၊ အဆောက်အအုံနှင့်ပတ်သက်၍ သက်ဆိုင်သူ အကျိုး ခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသောတရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင် (**LL.B**)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)
အမှတ်-၈၅၊ (မြေညီထပ်)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ **HP:**၀၉-၅၀၂၁၂၄၄

# MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCO Office Tower, No. 79, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

## ကြေညာချက်အမှတ်စဉ် (၇)၊ ၂၀၁၇ - ခုနှစ် ဇွန်လ (၂၇) ရက်

## အစုရှယ်ယာသက်သေခံလက်မှတ်(Shares Certificate)များအား ထုတ်ပေးမည့် အစီအစဉ်ကြေညာခြင်း

၁။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ်လီမိတက် [illegible] (Shares Certificate) [illegible] ၂၀၁၇ - ခုနှစ် [illegible]

၂။ [illegible] (Shares Certificate) [illegible] (Application Form) [illegible] MTSH [illegible]

၃။ [illegible] (Courier) [illegible]

၄။ Royal Express Services နှင့် MGL Express Courier Services [illegible]

၅။ [illegible] (Courier Services) [illegible]

[illegible]

၆။ MTSH [illegible]

[illegible]

မှတ်ချက်။ (၁) [illegible]

(၂) [illegible] (Alphabetically) [illegible] (First Name) [illegible]

(၃) [illegible]

၇။ [illegible] www.mtshmyanmar.com [illegible]

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

# မြင်းမူမြို့မင်းရဲကျော်စွာရပ်ကွက်အတွင်း

## ခွင့်ပြုငွေကျပ် ၃ နှစ်သိန်းဖြင့်ကျောက်ရိုးစီမြေထိန်းနံရံ ဆောင်ရွက်

**မြင်းမူ၊ ဇွန် ၂၈**

မြင်းမူမြို့၊ မင်းရဲကျော်စွာရပ်ကွက်အတွင်းရှိ ဧရာဝတီမြစ်ဆိပ်ကမ်းနား ကျောက်ရိုးစီမြေထိန်းနံရံ ပွင့်အံထွက်နေသည့်နေရာ၌ ဇွန် ၂၂ ရက်တွင် ထပ်ပိုး မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းအား စတင်ဆောင်ရွက်နေပြီး ၎င်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၃ နှစ်သိန်းဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

မူလမြေထိန်းနံရံသည် အချိန်ကာလကြာမြင့်လာသောအခါ ကျောဘက်ရှိလမ်း၏ ဖိအားနှင့် အလေးချိန်များသော ယာဉ်များ၏ ဖိအားကို နှစ်ရှည်လများ ခံခဲ့ရသောကြောင့် မြစ်ဘက်သို့ ယိုင်ကျလာခဲ့ကြောင်း၊ ၎င်းဖြစ်စဉ်ကို ကာကွယ်ရန်အတွက် မြေထိန်းနံရံဟောင်း၏ မြစ်ဘက်တွင် ကျောက်စီ ထပ်ပိုး မြေထိန်းနံရံ တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးပါက လိုအပ်သောကာကွယ်မှုများရရှိပြီး ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ကြောင်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအေအီး ဦးမြတ်မင်းထွန်းက ပြောသည်။

၎င်းကျောက်ရိုးစီမြေထိန်းနံရံအား အလျားပေ ၉၀၊ မြေထိန်းနံရံအမြင့် ရှစ်ပေခြောက်လက်မ တည်ဆောက်မည်ဖြစ်ပြီး၊ မူလမြေထိန်းနံရံဟောင်းသည် ထုတစ်ပေခြောက်လက်မခန့်ရှိ အုတ်စီအမျိုးအစားဖြစ်ပြီး အမြင့်ခြောက်ပေခန့် တည်ဆောက်ထားရှိကြောင်း သိရသည်။

**ကိုကိုနိုင်(မြင်းမူ)**

---

# ပေါင်မြို့နယ်တွင် ကျောင်းထောက်ပံ့ကြေး အကောင်ထည်ဖော်ရေး ဆွေးနွေး

**ပေါင်၊ ဇွန် ၂၈**

ပေါင်မြို့နယ်တွင် ကျောင်းထောက်ပံ့ကြေးများ ပေးအပ်ရန် ထောက်ပံ့ရေး အစီအစဉ် အကောင်အထည်ဖော်ရေး မြို့နယ်အဆင့် လုပ်ငန်းဆွေးနွေးပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ပေါင်မြို့ အ-ထ-က ရွှေရတုခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်ပညာရေးမှူး ဒေါက်တာဦးချစ်ကိုကိုတို့က အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်သန်းက ဆွေးနွေးပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းဆွေးနွေးပွဲကို ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ ပြုလုပ်သွားရန် စီစဉ်ထားပြီး ပေါင်မြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း အသီးသီးမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၁၅၅ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၅၆၅)**

---

# စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကျင်းပ

**မြောင်၊ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း ရာပြည့်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားရာ မြန်မာနိုင်ငံတွင် ၁၅ နှစ် စီမံကိန်းချမှတ်ပြီး မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေး စီမံဆောင်ရွက်ခဲ့ကြောင်း ၎င်းကပြောသည်။

"အခုဆို ၁၀ နှစ်ရှိသွားပြီဆိုတော့ နောက်ငါးနှစ်စီမံကိန်းကိုလည်း တားဆီးနှိမ်နင်းသွားမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဟာ ကမ္ဘာပေါ်မှာ ကြောက်စရာကောင်းပြီး ခြိမ်းခြောက်အန္တရာယ်ပေးတာဖြစ်တာကြောင့် စုပေါင်းကာကွယ်နှိမ်နင်းဆောင်ရွက်ဖို့လိုပါတယ်" ဟု ၎င်းကပြောသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ထံမှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ဒု-မြို့နယ်တရားသူကြီး ဒေါ်စုစုလှိုင်က မူးယစ်ဆေးဝါး ပြစ်မှုပြစ်ဒဏ်အကြောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်တိုးတိုးခိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေအကြောင်း၊ မြို့နယ် လ/ထ ဆရာဝန် Dr.စည်သူငြိမ်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ဖြစ်တတ်သည့် ရောဂါအကြောင်း သိကောင်းစရာများကို အသီးသီးဟောပြောခဲ့ကြောင်း သိရှိရသည်။

ထို့နောက် အထက်တန်း၊ အလယ်တန်းအဆင့် မူးယစ်ဆေးဝါး ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး၊ မြို့နယ် ပြန်/ဆက် ဦးစီးဌာနမှ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဓာတ်ပုံ၊ ပိုစတာ၊ နံရံကပ်စာစောင်များ ပြသထားမှုတို့ကို အခမ်းအနားသို့ တက်ရောက်ကြသည့် ဌာန ဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တင်ကိုကို**

---

# တာချီလိတ်တွင် မူးယစ်ဆေးဝါး အလွဲသုံးမှုတိုက်ဖျက်ရေးနေ့ကျင်းပ

**မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ခဲ့သော ရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုချီးမြှင့်နေစဉ်။**

**တာချီလိတ်၊ ဇွန် ၂၈**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို တာချီလိတ်မြို့၊ အောင်မြတ်ခန်းမတွင် ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး(ကိုယ်စား) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဥက္ကဋ္ဌ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဝင်းထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုထံမှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ခရိုင်ဥပဒေအရာရှိ ဦးသန်းထွန်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဥပဒေပိုင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဟောပြောခြင်း၊ တာချီလိတ်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာကံဦးမောင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ရရှိနိုင်သည့် နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့အကြို တာချီလိတ်ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူ ၄၄ ဦး၊ ကျိုင်းတုံခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူ ၁၆ ဦးတို့အား ဆုများချီးမြှင့်ခဲ့သည်။

ထို့ပြင် နိုင်ငံတော်ဗဟိုအဆင့် ပန်းချီပြိုင်ပွဲတွင် အထူးဆုရ ကျောင်းသားတစ်ဦး၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် လက်တွဲဆောင်ရွက်ခဲ့သည့် ရပ်မိရပ်ဖလေးဦးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ ကြိုးစားဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦး၊ စုစုပေါင်း ၇၁ ဦးတို့အား တာဝန်ရှိသူများမှ ဆုချီးမြှင့်ခဲ့ပြီး အခမ်းအနားသို့ တာချီလိတ်(အခြေချ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်နိုင်ဦးနှင့်အတူ ခရိုင်/မြို့နယ် (မူး/စိတ်/တား) အဖွဲ့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လုပ်သားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

---


အမည်ပြောင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

# ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ မွေးမြူရေးချေးငွေဖြင့် ဝယ်ယူသည့်ဆိတ်များ ပခုက္ကူမြို့နယ်အတွင်းပေးအပ်

**ပခုက္ကူ၊ ဇွန် ၂၈**

ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အရ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်လျက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပခုက္ကူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်ငယ်အောင်နှင့် ဝန်ထမ်းများသည် ဇွန် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ညောင်ပင်လှကျေးရွာအုပ်စု၊ ပုတီးတွင်းကျေးရွာစုရပ်၌ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ မွေးမြူရေးချေးငွေဖြင့် ဝယ်ယူဖြန့်ဖြူးသော ဆိတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

မွေးမြူရေးချေးငွေဖြင့် ဝယ်ယူဖြန့်ဖြူးသော ဆိတ်များပေးအပ်ရာတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာခင်ငယ်အောင်က ဆိတ်များပေးအပ်ခြင်းနှင့် ပတ်သက်၍ ကျေးရွာပြည်သူများအား ပွင့်လင်းမြင်သာစွာချပြ ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆိတ်တစ်ကောင်လျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ဆိတ်ကောင်ရေ ၂၄၀ အတွက် တန်ဖိုးငွေကျပ် သိန်း ၁၂၀ ကို ကျေးလက်အိမ်ထောင်စု ၉၀ သို့ ဖြန့်ဖြူးပေးအပ်ရန် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးငွေဇော်လွင်အား စာရင်းကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

"ပုတီးတွင်းရွာသူရွာသားတွေရဲ့ စားဝတ်နေရေးကို မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနကစီစဉ်ပြီး တစ်ဖက်တစ်လမ်းကနေ အထောက်အပံ့ဖြစ်စေတဲ့အတွက် အခုလိုပေးအပ်တာပါ။ ဒီလိုကျေးလက်ပြည်သူတွေကို မွေးမြူရေးနှင့် ကုသရေးဌာနက ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ကျေးရွာဖွံ့/ထောက်အဖွဲ့ဥက္ကဌ ဦးအောင်ဆန်းဝင်းက ပြောသည်။

**အောင်(မန်းတက္ကသိုလ်)**

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အိမ်ထောင်စု ၉၀ အတွက် ဆိတ်ကောင်ရေများ၏ စာရင်းကတ်ပြားများအား ပေးအပ်စဉ်။**

## မျိုးစေ့ချပွဲတော်နှင့် မျိုးစေ့ပေးအပ်ပွဲကျင်းပ

**ဖျာပုံ၊ ဇွန် ၂၈**

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲတော်နှင့် မျိုးစေ့ပေးအပ်ပွဲကို ဇွန် ၂၂ ရက် နံနက် ၈ နာရီက ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်း စိုက်ပျိုးရေးပညာပေးစခန်း လယ်ယာစိုက်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်လင်းတို့က တောင်သူဝင်ငွေတိုး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးနှင့် သိပ္ပံနည်းကျစိုက်ပျိုးစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မျိုးစေ့ပေးအပ်ပွဲကျင်းပရာ ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်သွင်က မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှ လေ့လာရေးတောင်သူများအား အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုး မျိုးစေ့များကို ကျေးရွာအုပ်စုအလိုက် တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

၎င်းနောက် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုး မျိုးစေ့ချပွဲတော်ကို ကျင်းပရာ လေ့လာရေးတောင်သူ ၂၀၀ ကျော် တက်ရောက်လေ့လာ နည်းစနစ်ရယူကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်း ဦးစီးဌာနတို့မှ ကျွမ်းကျင်ဝန်ထမ်းများက မျိုးစေ့များကို သရုပ်ပြ မျိုးစေ့ချပြသခဲ့ကြသည်။ **(၃၆၄)**

## ဝမ်းတွင်း အထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်

**ဝမ်းတွင်း၊ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်းကျေးရွာအုပ်စု၊ ဒိုင်ကောင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်ပညာရေးမှူး ဦးသက်လေးဦး၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ ဒိုင်ကောင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်ကို ခရိုင်ပညာရေးမှူး ဦးသက်လေးဦး၊ လ/ထပညာရေးမှူး ဦးညွန့်ဝေနှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဝမ်းတွင်းမြို့နယ် မြောက်ဘက်ခြမ်းဒေသရှိ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် အခြေခံအထက်တန်းပညာကို ဝမ်းတွင်းမြို့သို့ ယခင်ကသွားပြီး အခက်အခဲမျိုးစုံဖြင့် သင်ယူခဲ့ရကြောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့အနေဖြင့် အထက်တန်းပညာကို ကိုယ့်ဒေသမှာပင် အေးချမ်းစွာသင်ယူနိုင်ရေးကို မျှော်မှန်းပြီး ကြိုးစားဆောင်ရွက်မှုကြောင့် ယခုအခါ ဝမ်းတွင်းမြို့မြောက်ဘက်ခြမ်းတွင် ထူးထူးခြားခြား အထက်တန်းကျောင်းကြီး ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဒိုင်ကောင်းကုန်းကျေးရွာအနေဖြင့် ၁၉၅၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ်ပေါင်း ၆၃ နှစ်အတွင်း အခြေခံပညာမူလတန်းမှ အခြေခံပညာအထက်တန်းကျောင်းကြီးအဖြစ်သို့ အဆင့်ဆင့်တိုးမြှင့်နိုင်ခဲ့မှုသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုဖြစ်ကြောင်း ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးအုန်းမြင့်ကပြောသည်။

ယခုလို အခြေခံပညာအထက်တန်းကျောင်းကြီး ဖွင့်လှစ်နိုင်ခြင်းဖြင့် ဝမ်းတွင်းမြို့နယ်မြောက်ဘက်ခြမ်းဒေသရှိ ကျေးရွာများမှ အထက်တန်းပညာကို သင်ယူနိုင်မည်ဖြစ်သည့်အတွက် ဝမ်းသာကြည်နူးမှုများ ရှိနေသည်ကို သိရှိရပါကြောင်း၊ ယခုလို မူလတန်းမှ အထက်တန်းအထိ တိုးမြှင့်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးသည့် အကြီးအကဲများ၊ ဝန်ထမ်းများကို အထူးပင်ကျေးဇူးတင်ရှိနေကြောင်း သိရသည်။

**ဝင်းနွယ်စံ(ဝမ်းတွင်း)**

# မြောင်မြို့နယ်အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်း

**မြောင်၊ ဇွန် ၂၈**

မြောင်မြို့နယ်ရှိ အမျိုးသမီးများ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေပြီး စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ရွှေညာမြေ ကိုယ့်အားကိုယ်ကိုးအဖွဲ့မှ ဇွန် ၂၂ ရက် ၉ နာရီတွင် အရက်ဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ ဇွန် ၂၄ ရက်တွင် အမျိုးသမီးများ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကို အောင်မြင်စွာ ဖွင့်လှစ်ပြီးစီးခဲ့ကြောင်း သိရသည်။

"အမျိုးသမီးများ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီသင်တန်းကို ဖွင့်လှစ်ခဲ့ရခြင်းဖြစ်ပါတယ်။ ဥပမာ-အိမ်ထောင်စုတစ်ခုမှာ သားသမီးများနဲ့ မီးဖိုချောင်ကဏ္ဍမှာ အများအားဖြင့် ရင်အုပ်မကွာ ထိန်းသိမ်းကြရသည်မှာ အမျိုးသမီးများဖြစ်ကြပါတယ်။ ဒါကြောင့် အမျိုးသမီးများ စွမ်းဆောင်ရည် ဒီထက်ပိုမိုမြင့်တက်စေဖို့အတွက် ဒီသင်တန်းကို ဖွင့်ခဲ့ရပါတယ်"ဟု သင်တန်းဆရာမတစ်ဦးက ပြောသည်။

၎င်းသင်တန်းဆင်းပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအသင်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်ကြည်စိန်က အသင်းကြီး၏ ဖွဲ့စည်းထားရှိမှုအကြောင်း မိခင်နှင့်ကလေး သေနှုန်းကျဆင်းမှုများကို ဟောပြောရှင်းလင်းခဲ့သည်။

"ဒီသင်တန်းကိုတက်ခဲ့ရတာ အချိန်ကုန်လူပန်းခဲ့ခြင်း မရှိခဲ့ပါဘူး။ အချိန်တိုင်းမှာ သူတို့သင်ကြားပေးတဲ့ သင်ခန်းစာများဟာ အဖိုးမဖြတ်နိုင်တဲ့ အသိဉာဏ် ဗဟုသုတ ရရှိတိုးပွားစေခဲ့ပါတယ်"ဟု သင်တန်းသူတစ်ဦးက ပြောသည်။

အမျိုးသမီးများ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းသို့ မြောင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ သင်တန်းသူ၊ သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်ကိုကို**

ကန့်ကွက်နိုင်ပါသည်

# မြင်းမူယသစရိယလူမှုကူညီရေးအသင်း ၁၀ နှစ်မြောက် နှစ်ပတ်လည် ကျင်းပ

**မြင်းမူ၊ ဇွန် ၂၈**

မြင်းမူမြို့ ယသစရိယ လူမှုကူညီရေးအသင်းကြီး၏ ၁၀ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယသစရိယ အသင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အထောက်အကူကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိလူမှုကူညီရေးအသင်းများမှ အသင်းသား/သူများ စုစုပေါင်းအင်အား ၁၅၀ ကျော်တက်ရောက်ကြသည်။

အသင်းကြီးကို ၂၀၀၄ ခုနှစ် ဇွန် ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သဖြင့် ၁၀ နှစ်ရှိပြီဖြစ်ကြောင်း၊ ၎င်းအသင်းကြီးသည် စစ်ကိုင်းတိုင်းတွင် ပထမဆုံး စတင် ဖွဲ့စည်းသော လူမှုရေးအသင်းကြီးဖြစ်ကြောင်းသိရသည်။

အဆိုပါအသင်း၌ ၁၀ နှစ်အတွင်း နာရေးပို့ဆောင်မှု ၁၂၀၆ ဦး၊ မန္တလေးဆေးရုံ၊ ဆေးခန်းများသို့ လူနာပို့ဆောင်မှု ၆၃၀ ဦး၊ မြို့နယ်ခြားရပ်ကလာပ်ပို့ဆောင်မှု ၁၈၇ ဦးဖြစ်ပြီး ကျန်းမာရေးဆောင်ရွက်မှုအနေဖြင့် လူနာပေါင်း ၁၄၆၃၃ ဦးကို အခမဲ့ဆေးဝါးများ ကုသပေးနိုင်ခဲ့ကြောင်း အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

၎င်းနောက် တက်ရောက်လာကြသော ပုဂ္ဂိုလ်များမှ အလှူငွေများ လှူဒါန်းကြရာ ဦးကျော်သိန်း-ဒေါ်ခင်နွဲ့ ချမ်းသာပေါင်းသကြားစက် မန္တလေးမြို့မှ ငွေကျပ် ၁၄ သိန်းတန် ရေခဲသေတ္တာအအေးခေါင်းနှင့် မီးအားမြှင့်စက်၊ မန္တလေးမြို့ ဦးနေဝင်း-ဒေါ်ခင်စမ်း KN အုတ်လုပ်ငန်းနှင့် ပေါင်းသကြားစက်မှ ငွေကျပ် ၁၀ သိန်း၊ ဒေါ်နှင်းနှင်းမော် (ညီမ)ဒေါ်နုနုရီ CAE ပညာရေးဘော်ဒါမှ နှစ်စဉ်ငွေကျပ် သုံးသိန်းနှင့် ဦးကျော်အေး-ဒေါ်ခင်ဝင်း KKK အုတ်လုပ်ငန်းမှ ငွေကျပ် နှစ်သိန်း စသည်ဖြင့် အလှူရှင်များမှ လူမှုကူညီရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လုပ်ငန်းသုံးမော်တော်ယာဉ်များထားရှိရန် အဆောက်အအုံဆောက်လုပ်နိုင်ရန်တို့အတွက် လှူဒါန်းခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်လာသော ဆရာတော်ကြီးများက ဩဝါဒကထာမြွက်ကြားခြင်း၊ အလှူရှင်များ လှူဒါန်းမှုအစုစုအပေါ် ရေစက်ချတရားချီးမြှင့်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းများပြုလုပ်ပေးတော်မူခဲ့သည်။

**ကိုကိုနိုင်(မြင်းမူ)**

**မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြသည် မြန်မာ့စီးပွားရေးဘဏ် တာချီလိတ်မြို့၌ ရှမ်းပြည်နယ်အတွင်းရှိ အရာထမ်းအမှုထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံမှာကြားခဲ့ပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ ဝန်ထမ်းမိသားစုများအား ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၇၂၅၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - မော်ကြီး(တြိဂံနယ်မြေ)

# စပ်မျိုးစပါး မျိုးစေ့ချပွဲတော်တွင် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဆွေးနွေး

**လပွတ္တာ၊ ဇွန် ၂၈**

လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲတော်ကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက မြို့မ ၉ ရပ်ကွက်အုပ်စု၊ ကွင်းအမှတ် ၅၄၄၊ ဦးပိုင်အမှတ် ၁၀/၂ ရှိ စံပြတောင်သူ ဦးစိုးကျော်သူ၏ လယ်ယာစိုက်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းမျိုးစေ့ချပွဲတော်မကျင်းပမီ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လှိုင်က ဆားရေဖြင့် မျိုးစေ့သန့်စင်ပုံအဆင့်ဆင့်အားလက်တွေ့သရုပ်ပြသခဲ့သည်။

သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်တို့ကို ရှင်းလင်းဆွေးနွေးကာ လေ့လာရေးတောင်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲတော်ကို ဆက်လက်ကျင်းပရာ လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ရှုရီနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ထို့ပြင်မြို့မ ၇/၉ ကျောက်မှော်နှင့် ကျောက်ဖြူ ကျေးရွာအုပ်စုများမှ လေ့လာရေးတောင်သူ ၂၀၇ ဦးတို့က ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များအား ကိုယ်တိုင်စုပေါင်း မျိုးစေ့ချကြသည်။

ဆက်လက်ပြီး အလတ်စား ထွန်စက်ဖြင့် သရုပ်ပြထွန်ယက်ပြသကြရာ လေ့လာရေးတောင်သူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(၃၆၄)**

# ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တွင် ခါးပိုက်နှိုက်နှစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန်၊ ဇွန် ၂၈**

မင်္ဂလာဒုံမြို့နယ်တွင် ဇွန် ၂၃ ရက်က ခါးပိုက်နှိုက်နှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်ဖမ်းဆီးရမိရေးအတွက် ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီး၊ အလယ်ပေါက်ကားမှတ်တိုင်၌ စောင့်ကြည့်သတင်းစုံစမ်းနေစဉ် မှတ်တိုင်သို့ဆိုက်ရောက်လာသည့် ၁၀၃ ယာဉ်လိုင်း၊ ခရီးသည်တင် ဒိုင်နာယာဉ်ပေါ်မှ ဆင်းလာသော ခါးပိုက်နှိုက်ပြစ်ချက်ပောင်းရှိသူ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး ကျေးရွာနေသူများဖြစ်သည့် ဟန်ဝင်းအောင်(ခ)ကိုဟန် ၃၀ နှစ်နှင့် စောအယ်နော်ကောင်း(ခ)အယ်နီကောင်း ၂၀ နှစ်တို့အား တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေခဲ့သည်။

ထို့သို့ ၎င်းတို့နှစ်ဦးအား စစ်ဆေးရှာဖွေခဲ့ရာတွင် ၎င်းတို့လွယ်ထားသော ကျောပိုးအိတ်အတွင်းမှ အပေါင်ဘောက်ချာ စာရွက်တစ်ရွက်၊ မိုးစက်ပုံပန်းနုရောင် ကျောက်တစ်လုံးနှင့် ငွေကျပ် ၁၂၈၀၀ တို့အား တွေ့ရှိခဲ့သည်။

အဆိုပါငွေ၊ ပစ္စည်းများနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းရာ ၎င်းယာဉ်ပေါ်ပါ အသက် ၄၀ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏ စလင်းဘတ်အိတ်အတွင်းမှ နှိုက်ယူခဲ့သော ပစ္စည်းနှင့် ငွေများဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ၎င်းတို့နှစ်ဦးအား မင်္ဂလာဒုံမြို့မရဲစခန်းက (ပ)၂၆၉/၁၄၊ ပြစ်မှုပုဒ်မ ၃၇၉(နှိုက်)/၅၄အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၃၁)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် မျောစင်အဟောင်းဖျက်ရာမှ မျောစင်ပိ၍ လူတစ်ဦးသေဆုံး

**ကျွန်းလှ၊ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရွာကုန်းကြီးရဲကင်း စခန်းမှူး ရဲအုပ်နေဝင်းဦးသည် စခန်း၌ တာဝန်ထမ်းဆောင်နေစဉ် အိမ်ခြေကျေးရွာနေ ဦးတင်ငွေသည် ရွာအရှေ့တောင်ဘက်ရှိ ရွှေစက်မျောစင်အဟောင်းအား ဖျက်ရာမှ မျောစင်ပိနေကြောင်း အိမ်ခြေကျေးရွာနေ ဦးမောင်ထွန်း၊ ဦးမြင့်ထွန်းတို့က အကြောင်းကြားခဲ့သည်။

ဖြစ်စဉ်မှာ မျောစင်တိုင်ခြေရင်းအား ဓားဖြင့်ခုတ်စဉ် မျောစင်ပြိုကျပြီး ဦးတင်ငွေ ၄၇ နှစ်၏ ကိုယ်ပေါ်သို့ပြုတ်ကျကာ ဘယ်ဘက်လက် ကျိုးသည့်ဒဏ်ရာတစ်ချက်၊ ဘယ်ဘက်ခါးညှိုမဲသည့် ဒဏ်ရာများရရှိသဖြင့် မန္တလေးဆေးရုံသို့ ဆေးကုသမှုခံယူရန်သွားစဉ် သံဘိုကျေးရွာအရောက်တွင် သေဆုံးသွားခဲ့သည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်-မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

**သတင်းဆောင်းပါး**

# ရာသီဥတုဖောက်ပြန်မှုကြောင့် ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ပျိုးပင်များပြောင်းလဲစိုက်ပျိုးလာ

**à azxPB;faZmf(a&p:ud)**

ယခုအခါ ကမ္ဘာ့ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း စသည့်ဒဏ်ကို သက်ရှိသတ္တဝါများနှင့်အတူ သစ်ပင်၊ စားပင်များပါ ခံစားနေကြရသည်။

ထိုကဲ့သို့ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့် သီးနှံများအထွက်နှုန်းလျော့ခြင်း၊ ပိုးမွှားရောဂါများကျရောက်ခြင်း၊ ရေများခန်းခြောက်ခြင်းတို့ကြောင့် စိုက်ပျိုးရေးကို ထိခိုက်စေနိုင်သည့် အပူပိုင်းမိုးနည်းဒေသဖြစ်သော ရေစကြိုမြို့နယ်တွင် ယခင်ရာသီဥတု မှန်ကန်ကောင်းမွန်သည့်ကာလက ဆီထွက်သီးနှံ၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ စိုက်ပျိုးခဲ့သော မြေနေရာများတွင် ယခုအခါ ရာသီဥတုဒဏ်ခံနိုင်သည့် နှစ်ရှည်ပင်များ အစားထိုးစိုက်ပျိုးခြင်းကို ဟိုနေရာတစ်ကွက် သည်နေရာတစ်ခြံ ဆိုသလို ပြောင်းလဲစိုက်ပျိုးကြလျက်ရှိသည်ကို မြင်တွေ့နေရသည်။

ယခုအခါ ရေစကြိုမြို့ ကွင်းအမှတ် ၁၀၁ တွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုး၊ သီးညှပ် နေကြာ၊ စားဖိုဆောင်သုံး ဟင်းသီးဟင်းရွက် စိုက်ပျိုးမြေများတွင် ရာသီဥတုဒဏ်ခံနိုင်သည့် ငှက်ပျောနှင့် သရက်တွဲဖက်၍ သီးညှပ်အဖြစ် ပဲတီစိမ်းများ စိုက်ပျိုးထားသည်ကို တွေ့ရသည်။

“ဒီစိုက်ပျိုးမြေတွေက မြစ်ရေတင် နုန်းတင်မြေနုတွေဖြစ်ပါတယ်။ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းတဲ့မြေပေါ့။ အခုတော့ ရာသီဥတုကပူ၊ မြစ်ရေကလည်း မဝင်တစ်နှစ် ဝင်တစ်နှစ်

> **နှစ်ရှည်ပင်များအစားထိုး စိုက်ပျိုးခြင်း. . .**

ဆိုတော့ သီးနှံတွေလည်း အောင်မြင်ဖြစ်ထွန်းမှုနည်းလာတယ်ဗျ။ ဒါကြောင့် ငှက်ပျောနဲ့သရက်ကို ပြောင်းလဲစိုက်ပျိုးတာဖြစ်ပါတယ်။ ကျွန်တော်စိုက်ပျိုးတဲ့စနစ်ကတော့ ငှက်ပျောတစ်ပင်နဲ့တစ်ပင်ကြား တန်းခြား ရှစ်တောင်စီခြားပြီး အလယ်မှာ စိန်တလုံးသရက်မျိုးကို စိုက်ပျိုးထားပါတယ်။ ငှက်ပျောတစ်ကျင်းမှာ ငှက်ပျောလေးပင် စိုက်ပျိုးထားပါတယ်။ ငှက်ပျောမျိုးကတော့ ဖီးကြမ်းဖြစ်ပါတယ်။ စစိုက်တဲ့နှစ်ဖြစ်တာကြောင့် သီးညှပ်အဖြစ် ပဲတီစိမ်းတွေကြဲထားပါတယ်။ ငှက်ပျောက တစ်နှစ်ဆိုရင် အသီးရောင်းလို့ရပြီး ငှက်ပျောဈေးကလည်း အခုဆို တစ်ဖီးအနိမ့်ဆုံး ၈၀၀၊ ၁၀၀၀ ကျပ်ကနေ ၁၁၀၀၊ ၁၂၀၀ ကျပ်ထိ ဈေးရှိတယ်။ ပြီးတော့ သားတက်တွေထွက်တော့ ရောင်းလို့ရသေးတယ်။ သရက်ကတော့ လေးငါးနှစ်စောင့်ရမှာပေါ့။ ရေရှည်မှာတော့ အာမခံချက်ရှိလာမှာပေါ့”ဟု ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုကဲ့သို့ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ရာသီသီးနှံများစိုက်ပျိုးသည့် စိုက်ပျိုးမြေများတွင် နှစ်ရှည်သီးနှံများ အစားထိုးစိုက်ပျိုးလာကြသည့်အတွက် တစ်ချိန်ချိန်တွင် ရာသီသီးနှံစိုက်ဧကလျော့နည်းလာသည်နှင့်အမျှ သီးနှံရှားပါးမှုပြဿနာများ ကြုံတွေ့လာနိုင်သည်ဖြစ်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေမည့် ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ရှိပြီးသားသစ်ပင်သစ်တောများကို ကာကွယ်ထိန်းသိမ်း၍ သစ်ပင်အသစ်များကို ပေါပေါများများ ရှင်သန်အောင် စိုက်ပျိုးကြရန်လိုအပ်နေကြောင်းသိရသည်။

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကျင်းပ

**ဆိပ်ဖြူ၊ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှဦးစီး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထိမ်းအမှတ်ပွဲကို ဇွန် ၂၄ ရက်တွင် ဆိပ်ဖြူမြို့နယ်၊ ကိုးတောင့်ကျေးရွာအုပ်စု အ-ထ-က (ခွဲ) ကိုးတောင့်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးမှူး ဦးဝင်းမြင့်နှင့် ကိုးတောင့်အ-ထ-က(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးကံငွေးတို့က တမာပင်ကို စတင်စိုက်ပျိုးခဲ့ပြီး သစ်တောဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများက အထိမ်းအမှတ်သစ်ပင်များကို တပျော်တပါး စိုက်ပျိုးခဲ့သည်။ ၎င်းသစ်ပင်စိုက်ပွဲတော်တွင် မန်ကျည်း၊ တမာ၊ ကုက္ကို၊ ယူကလစ်ပင်များ စိုက်ပျိုးခဲ့ကြောင်းသိရသည်။ **စိုလင်းနိုင်**(IPRD)

## ဖလမ်းခရိုင်အတွင်းရှိ တွီးမန်ကျေးရွာ ဘဝသစ်စာကြည့်တိုက်သစ်ဖွင့်

**ကျီခါး၊ ဇွန် ၂၈**

ချင်းပြည်နယ်၊ ဖလမ်းခရိုင် ကျီခါးမြို့နယ်ခွဲ တွီးမန်ကျေးရွာ ဘဝသစ်စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၄ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပခဲ့သည်။ ဌာနဆိုင်ရာများ၏ လှူဒါန်းငွေကျပ် ၄၂၀၀၀ နှင့် စာအုပ်စာစောင် ၈၁ အုပ်ကိုလည်းကောင်း၊ ဒေသခံကျေးရွာပြည်သူများက ဗီရိုတစ်လုံး၊ စားပွဲသုံးလုံး၊ ထိုင်ခုံ ၁၀ လုံးကိုလည်းကောင်း လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီးအဆိုပါစာကြည့်တိုက်သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ဒေသခံပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းကျပ်သိန်း ၂၀ ကုန်ကျခံဆောက်လုပ်ခဲ့ပြီး အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၉ ပေရှိ သွပ်မိုး၊ ပျဉ်ခင်း၊ အလူမီနီယံကာ တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **မြို့နယ်ခွဲ(ပြန်/ဆက်)**

## ကလေးမြို့နယ်၊ ကျောင်းတိုက်ကျေးရွာ အများပြည်သူသုံး သဖန်းအိုင်တံတား အမာခံဆောက်လုပ်ပြီးစီး

**ကလေး၊ ဇွန် ၂၈**

ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာအုပ်စု သဖန်းအိုင်ကျေးရွာသွားရာ အများပြည်သူသုံး ကျေးလက်လမ်းမကြီးပေါ်တွင် တည်ဆောက်ထားသည့် သဖန်းအိုင် သံကူကွန်ကရစ်တံတားကြီးအား ဧပြီ ၁ ရက်က စတင်ဆောက်လုပ်ပြီး လက်ရှိတွင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းတံတားသည် အရှည်ပေ ၃၀၊ အကျယ် ၁၈ ပေ၊ အမြင့်ပေ ၂၀ ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၄၅၄ ဒသမ ၉ သိန်းဖြင့် ကလေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီက တာဝန်ယူ ဆောက်လုပ်ခြင်းဖြစ်ကြောင်း မြို့နယ် အထောက်အကူပြု ကော်မတီဝင် ဦးအေးချိုက ပြောသည်။

အဆိုပါတံတား ဆောက်လုပ်ပြီးစီးမှုအား ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်ဦးတင်လှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခမ်လျန်းခိုင်၊ မြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များက ဇွန် ၂၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းသဖန်းအိုင် တံတားအား အမာခံ ဆောက်လုပ်ပေးခြင်းကြောင့် ကလေးမြို့နယ် ကျောင်းတိုက်အုပ်စု ကျေးလက်နေပြည်သူများနှင့် မြို့ပေါ်နေပြည်သူများအတွက် ရေကြီးရေလျှံသည့် မိုးရာသီအချိန်များတွင်လည်း စိတ်အေးချမ်းသာစွာသွားလာနိုင်ကြမည်ဖြစ်သည်။ **ဂျိုးနက်**

## ချောက်တွင်မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ဟောပြော

**ချောက်၊ ဇွန် ၂၈**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ချောက်မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်စိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲသို့ ယှဉ်ပြိုင်ခဲ့သည့် ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ တက်ရောက်လာသည့် ဧည့်ပရိသတ်များအားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဝင်းမွေး (ပြန်/ဆက်)**

# မြောင်မြို့ ဒေါ်အုန်းညွန့် မိသားစုမှ ၂၀၁၄ – ၂၀၁၅ ပညာသင်နှစ်အတွက် ထောက်ပံ့ကြေးပေးအပ်

**မြောင်၊ ဇွန် ၂၈**

စစ်ကိုင်းခရိုင်၊ မြောင်မြို့တွင် အဋ္ဌမအကြိမ်မြောက် ဒေါ်အုန်းညွန့် မိသားစုမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က ပညာရေးပြုပြင်ပြောင်းလဲမှုအကြောင်းကို ရှင်းလင်းပြောကြား၍ ကျောင်းအုပ်ဆရာကြီး ဦးကပ်ကျော်က ဒေါ်အုန်းညွန့် မိသားစုမှ ပညာသင်ထောက်ပံ့ကြေး ပေးအပ်သည့်ရည်ရွယ်ချက်အား ပြောကြားခဲ့သည်။

ထို့နောက် ထောက်ပံ့ကြေးရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဒေါ်အုန်းညွန့် မိသားစုကိုယ်စား ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များက အသီးသီးပေးအပ်ခဲ့သည်။

ဒသမတန်း ကျောင်းသား၊ ကျောင်းသူ တစ်ဦးလျှင် ၅၀၅၀၀ ဖြင့် ခြောက်ဦး၊ နဝမတန်း ကျောင်းသား၊ ကျောင်းသူ တစ်ဦးလျှင် ၄၀၅၀၀ ဖြင့် ခုနစ်ဦး၊ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူ တစ်ဦးလျှင် ၃၅၅၀၀ ဖြင့် ခုနစ်ဦး၊ သတ္တမတန်း ကျောင်းသား၊ ကျောင်းသူ တစ်ဦးလျှင် ၂၅၅၀၀ ဖြင့် ခြောက်ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၀ တို့အား ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ဒေါ်အုန်းညွန့်မိသားစုက လှူဒါန်းငွေကျပ် စုစုပေါင်း ၁၁၁၇၅၀၀ ပေးအပ်လှူဒါန်းခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဒေါ်အုန်းညွန့်မိသားစုက ပညာရည်ချွန်ဆုပေးပွဲ ရှစ်ကြိမ်နှင့် ပညာသင်ထောက်ပံ့ဆု ရှစ်ကြိမ်၊ စုစုပေါင်း ၁၆ ကြိမ်ရှိပြီဖြစ်ကာ စုစုပေါင်း ငွေကျပ် ၁၂၉၀၈၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ကိုကို**

# ကျွန်းလှတွင် ဒေသဖွံ့ဖြိုးရန် ကိုယ်ထူကိုယ်ထ ကျောက်ချောလမ်းခင်း

**ကျွန်းလှ၊ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ရည်ရွယ်၍ ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းခင်းလျက်ရှိကြောင်း သိရသည်။

ထိုနေရာသို့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ အထောက်ကူပြုကော်အတီများ၊ ရွာမိရွာဖများကြီးကြပ်မှုဖြင့် ကျေးရွာနေပြည်သူတို့၏ လုပ်အားလှူဒါန်းငွေဖြင့် အမှတ် ၄ လမ်း အကျယ် ၁၂ ပေ၊ အရှည်ပေ ၃၅၀ ဖြင့် ငွေကျပ် ၁၀ သိန်းကုန်ကျခံ၍ခင်းပြီး အမှတ် ၂ လမ်းအကျယ် ၁၂ ပေ၊ အရှည် ၃၄၅ ပေကို ဆက်လက်ခင်း ကျင်းနေကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာမှာ နေ့စဉ်ဘုန်းတော်ကြီးကျောင်းသွားသူတွေ ကျောင်းသား၊ ကျောင်းသူတွေအတွက် မိုးရာသီမှာ သွားလာရေးခက်ခဲနေပါတယ်။ အခုလိုကျောက်ချောလမ်းခင်းနေတဲ့အတွက် သွားရေးလာရေးလွယ်ကူသွားပြီဖြစ်ပါတယ်"ဟု ယင်းကျေးရွာနေ ဦးကျော်က ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## သိမ်းဆည်းမြေများအား အသုံးချခွင့်ရှိသူထံ ပေးအပ်

**မိုးညို၊ ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ကရင်ချောင်အုပ်စု အရှေ့တောင်ပိုင်းတွင် စစ်ဌာနချုပ်(ပြည်)မှ သိမ်းဆည်းမြေများအား မူလမြေအသုံးချခွင့်ရှိသူများ လက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့် ပုံစံ(၃)အား ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ရေကင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးခန်းမဆောင်၌ ပေးအပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမင်းဟန်က မူလမြေအသုံးချခွင့်ရှိသူများကို ဥပဒေလုပ်ထုံးလုပ်နည်းများအား ရှင်းလင်းပြောကြားခဲ့သည်။ မူလမြေအသုံးချခွင့်ရှိသူ တောင်သူလယ်သမား ၇၁ ဦးအား ယာယီလုပ်ပိုင်ခွင့် ပုံစံ(၃)ကို မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးထွန်းမြင့်က ပေးအပ်ရာ တောင်သူများကိုယ်စား ဦးစိန်ငွေက လက်ခံရယူခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင့်နိုင်ဝင်း၊ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်တင်မေအိ၊ ကရင်ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းနှင့် မူလမြေအသုံးချခွင့်ရှိသူ တောင်သူ ၆၃ ဦးတို့ တက်ရောက်ကြသည်။

**(၅၀၈)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁/ထူပါရုံ၊ မြေကွက်အမှတ်-၈၅၁/ခ၊ မြေကွက်တည်နေရာအမှတ်-၈၅၁/ခ၊ ထူပါရုံ(၁၄)လမ်း အနောက်၊ ၁-ရပ်ကွက်၊ သာကေတ၊ (ဦးအေးချို) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေးချို(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့်[၁၂/သကတ(နိုင်)၀၉၉၈၃၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၄၃/၂၀၁၄)ဦးသာချား(ခ)ဦးစိုးမြင့်[၁၂/ပဇတ(နိုင်)၀၂၅၇၃၃]သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၉၂၉/က)၊ မြေကွက်တည်နေရာအမှတ်(၉၂၉/က)၊ အင်း၀(၇)လမ်း၊ (၆)ရပ်ကွက်၊ တ/ဥ ဒေါ်ခင်ညိမ်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ညိမ်း(တရားရှုံး)ကိုယ်စား ဘီလစ်အရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူ[၈/ဆဖန(နိုင်)၀၅၁၂၄၃]မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၂၃၃/၁၃ (၁၂-၉-၂၀၁၃)နှင့် တရားမဇာရီမှုအမှတ်-၁၆၈/၁၃ (၁၈-၁၁-၂၀၁၃)တို့အား အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၄၀)၊ မြေကွက်တည်နေရာအမှတ်(၁၄၀)၊ သုမိတ္တာလမ်းသွယ်(၅)၊ (၁)ရပ်ကွက်၊ ဦးကျော်စိန်[စီအေ-၀၀၄၁၄၆]၊ ဒေါ်သန်းစိန်[၁၂/ဥကမ(နိုင်)၁၂၀၂၆၃]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဦးကျော်စိန်၊ (မိခင်)ဒေါ်သန်းစိန်တို့(ကွယ်လွန်)သဖြင့် ဒေါ်ခင်သန်းဆင့်[၁၂/ဥကမ(နိုင်)၁၅၁၁၄၃]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၁၅၈/၂၀၁၄)ဖြင့် ရရှိသူ ဦးသန့်ဇင်မင်း[၁၂/ဥကမ(နိုင်)၁၅၁၂၇၃]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၉၊ မြေကွက်အမှတ်-၂၃၀၊ မြေကွက်တည်နေရာအမှတ်-၂၃၀၊ (၁၃၉)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးလှထွန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှထွန်း[၁၂/အစန(နိုင်)၀၅၄၆၁၉]မှပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၆၆/၁၇၄)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် 13F2၊ မြေကွက်အမှတ် Western Portion of Northern Portion of 14 နှင့် Southern ½ of II 13၊ မြေပိုင်မြေအမျိုးအစား အမည်ပေါက် Gulam Husian Esoof Momsa(son) မြေကွက်(၂)ကွက်အား မြေအမည်ပေါက်ဆိုသူ ဂူလမ်ဟုစိန်အီစွတ်(ဖ်)မစ်ဆာသည် ၁၅-၆-၁၉၇၇ ရက်တွင်လည်းကောင်း၊ ညီမဖြစ်သူ ဖာတမာဘီဘီအီစွတ်မန်(မ်)ဆမ်သည် ၃၀-၁-၈၂ရက်တွင်လည်းကောင်း၊ (ခင်ပွန်း)၊ ဦးအစ္စမိုင်အီဘရာဟင်မန်ဆာသည် ၉-၁၂-၆၆ရက်တွင်လည်းကောင်း၊ ၎င်းတို့၏သား (မြေအမည်ပေါက်၏တူ) ဦးဆူလေမန်အစ္စမိုင်မန်ဆာသည် ၂-၁-၉၂ရက်တွင်လည်းကောင်း၊ ကွယ်လွန်ခဲ့ကြကြောင်း ဦးဆူလေမန်အစ္စမိုင်မန်ဆာ၏ဇနီးဖြစ်သူ ဒေါ်အိုင်ရှာဘီဘီမိုဟာမက်ဟာစန်ဂျီ[၁၂/ပဘတ(နိုင်)၀၂၃၀၁၁]၊ ဦးအဗ္ဗဒူရာမန်[၁၂/ပဘတ(နိုင်)၀၀၇၉၉၄]နှင့် ဒေါ်ဟာဇရာဘီဘီ[၁၂/ပဘတ(နိုင်)၀၀၇၉၅၃]တို့မှ ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ မြေအမည်ပေါက်စာချုပ်-၂၆၄/၁၉၅၀နှင့်၆၇၅/၁၉၅၁၊ ရန်ကုန်တိုင်းတရားရုံး၏ တရားမအထွေထွေမှုအမှတ်-၁၀၂/၂၀၀၂၏ (၁၁-၁၀-၂၀၀၂)ရက်စွဲပါ ဦးအဗ္ဗဒူရာမန်အား အမွေထိန်းလက်မှတ်စာထုတ်ပေးသည့်အမိန့် ၂၅-၉-၂၀၀၈ရက်စွဲပါ အမွေထိန်းလက်မှတ်စာနှင့် တိုင်းတရားရုံးတရားမအထွေထွေမှုအမှတ်-၁၀၂/၂၀၀၂၏ ၁၇-၂-၂၀၀၉ရက်စွဲပါ အမိန့်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ဘီ၊ မြေကွက်အမှတ်(၃၁၁)၊ မြေကွက်တည်နေရာအမှတ်(၁၃)၊ ၇လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးငြိမ်းမောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဦးငြိမ်းမောင်၊ မိခင် ဒေါ်တင်စော ကွယ်လွန်သဖြင့် (၁) ဒေါ်သန်းနွဲ့[၁၂/သဃက(နိုင်)၁၀၈၀၁၄]၊ (၂) ဦးသန်းလွင်[၁၂/မဂတ(နိုင်)၀၅၁၅၀၈]၊ (၃) ဒေါ်လှလှနွဲ့[၁၂/သကတ(နိုင်)၀၉၆၇၆၀]၊ (၄) ဦးစန်းလွင်[၁၂/မဂတ(နိုင်)၀၄၉၆၈၅]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁၁/၂-ဘီ)၊ ဧရိယာ(၀.၀၃၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၃)၊ (၃)ရပ်ကွက်၊ မြသိင်္ဂီလမ်း၊ ကမာရွတ်မြို့နယ် အမည်ပေါက် မောင်သန်းရွှေ မြေပိုင်မြေအား ဦးတင်မောင်ဦး[၁၂/ကမရ(နိုင်)၀၃၁၁၂၈]က မောင်သန်းရွှေ အမည်ပေါက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်-၆၈၇/၁၇-၇-၅၉ မိတ္တူမှန်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်၂၁၄၂/၂၅-၅-၂၀၁၂ မြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ်စာချုပ်-၄၀၈၅/၂၈-၈-၂၀၁၂နှင့် အမှားပြင်ဆင်ဖြည့်စွက်ခြင်းစာချုပ်-၂၂၀၈/၁၄-၅-၂၀၁၄တို့ကိုတင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၆/အနောက်၊ မြေကွက်အမှတ်-၈၃/ခ၊ မြေကွက်တည်နေရာအမှတ်-၈၃(ခ)၊ ဇမ္ဗူသီရိ(၃) အနောက်(၆)ရပ်ကွက်၊ ဦးမြသွင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြသွင်(ဖခင်)နှင့် ဒေါ်နှင်းစိန်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဦးကြည်ဝင်း[၁၂/ဒလန(နိုင်)၀၁၈၉၃၈]၊ ၂။ ဒေါ်စန်းစန်းမြင့်[၁၂/သကတ(နိုင်)၀၉၂၂၇၂]၊ ၃။ဒေါ်ယဉ်ယဉ်မာ[၁၂/သကတ(နိုင်)၀၉၂၂၇၁]၊ ၄။ဦးထိန်ဝင်း[၁၂/သကတ(နိုင်)၁၀၁၁၃၉]၊ ၅။ ဒေါ်အေးအေးမာ[၁၂/သကတ(နိုင်)၀၉၃၈၆၃]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇စီ(နံ့သာကုန်း)၊ မြေကွက်အမှတ်-၄+၇/ခ-A၊ မြေကွက်တည်နေရာအမှတ်(၉)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ (ဦးလော်စစ်ဟန်၊ ဒေါ်ကျန်းဖူးရှင်း) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦး ဦးလော်စစ်ဟန် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကျန်းဖူးရှင်း[၁၃/လရန(နိုင်)၀၁၈၆၁၁]ထံမှ ကိုယ်စားလှယ်လွှဲစာ-၁၄၁၀၃(၂၀-၅-၁၄)ဖြင့် GPရသူ ဒေါ်ဆွေဆွေမီဦး[၇/ပမန(နိုင်)၀၈၈၄၉၆]က ဒေါ်ကျန်းဖူးရှင်းမှ ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၂/ကံ့ဘဲ့၊ မြေကွက်အမှတ်-၁၁/ဃ၊ မြေကွက်တည်နေရာအမှတ် ၅၁ဘီ-၁၊ ဦးဖိုးတက်လမ်း၊ ကမ္ဘာအေးစေတီလမ်းသွယ်၊(၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ အမည်ပေါက် ဒေါ်ခင်ဆွေဝင်း၊ မောင်မြင့်သိန်း၊ မောင်သိန်းဌေး၊ မခင်အေးဝင်း (အုပ်ထိန်းသူ မိခင် ဒေါ်သိန်းနွယ်)တို့ဖြင့်ရှိသော မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက်(၄)ဦးအနက် ဒေါ်ခင်ဆွေဝင်း၊ ဦးမြင့်သိန်း၊ ဒေါ်ခင်အေးဝင်းတို့ထံမှ စွန့်လွှတ်စာချုပ်အမှတ်-၁၉/၇၇ (၂၄-၁-၇၇)ဖြင့် ဦးသိန်းဌေးမှ ပိုင်ဆိုင်လာပါသည်။ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၈၄၈/၈၁ (၁၅-၁၂-၈၁)ဖြင့် ဦးမြစိန်၊ ဒေါ်စိန်မြတို့မှ ပိုင်ဆိုင်လာပါသည်။ ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၈၄၁/၈၃ (၂၉-၉--၈၃)ဖြင့် ဦးစံရင်မှ ဝယ်ယူပိုင်ဆိုင်လာပါသည်။ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၁၀၄၈/၈၅ (၂၁-၁၀-၈၅)ဖြင့် ဒေါ်စိုစိုမှ ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းထံမှ မြေကွက်၏အစိတ်အပိုင်းအား အပိုင်ပေးစာချုပ်အမှတ်-၂၃၂၅/၉၂(၂၇-၁၁-၉၂)ဖြင့် ဒေါ်စိမ်းစို(ခ)ဒေါ်အေးသီ[၁၂/မရက(နိုင်)၁၀၉၆၇၁]မှ စာချုပ်အဆက်အစပ်မိတ္တူမှန်များတင်ပြ၍ မြေကွက်ခွဲစိတ်ရန်အတွက် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သည့် အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ ၂၆-လမ်း၊ အမှတ်(၆၀)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်(၁၅စီ^၁)၊ မြေကွက်အမှတ်- Northern ½ of III-21၊ မြေပိုင်မြေအမျိုးအစား၊ အမည်ပေါက် Gulam Husain Esoof Mamsa မြေအား မြေအမည်ပေါက် Gulam Husain Esoof Mamsa သည် ၁၅-၆-၇၇ ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဟမ်ဆာဘီဘီသည် ၁၅-၅-၁၉၅၀ရက်တွင်လည်းကောင်း၊ အမည်ပေါက်၏ညီမ Fatama Bi Bi သည် ၃၀-၁-၈၂ ရက်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးအစ္စမိုင်အီဘရာဟင်မန်ဆာသည် ၉-၁၂-၆၆ ရက်တွင်လည်းကောင်း၊ ၎င်းတို့၏သား (အမည်ပေါက်၏တူ)ဖြစ်သူ ဦးဆူလေမန်အစ္စမိုင်မန်ဆာသည် ၂-၁-၉၂ ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့ကြကြောင်း ဦးဆူလေမန်အစ္စမိုင်မန်ဆာ၏ ဇနီးဖြစ်သူ ဒေါ်အိုက်ရှာဘီဘီမိုဟာမက်ဟာစန်ဂျီ[၁၂/ပဘတ(နိုင်)၀၂၃၀၁၁]နှင့်အမည်ပေါက်၏ မြေးများဖြစ်ကြသော ဦးအဗ္ဗဒူရာမန်[၁၂/ပဘတ(နိုင်)၀၀၇၉၉၄]နှင့် ဒေါ်ဟာဇရာဘီဘီ[၁၂/ပဘတ(နိုင်)၀၀၇၉၅၃]တို့မှ သေစာရင်း၊ ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ၊ အမည်ပေါက်စာချုပ်အမှတ်-၂၁၈/၁၉၅၀၊ ရန်ကုန်တိုင်းတရားရုံး၏ တရားမအထွေထွေမှုအမှတ်-၁၀၂/၂၀၀၂၏ ၁၁-၁၀-၂၀၀၂ ရက်စွဲပါ ဦးအဗ္ဗဒူရာမန်အား အမွေထိန်းလက်မှတ်စာ ထုတ်ပေးသည့်အမိန့်၊ ၂၅-၉-၂၀၀၈ရက်စွဲပါ အမွေထိန်းလက်မှတ်စာနှင့် တိုင်းတရားရုံး တရားမအထွေထွေမှု-၁၀၂/၂၀၀၂၏ ၁၇-၂-၂၀၀၉ရက်စွဲပါ အမိန့်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ ၂၆-လမ်း၊ အမှတ်(၇၆)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်(၁၅စီ^၁)၊ မြေကွက်အမှတ်-1st Northern Quarter of III 6 နှင့် 2nd Northern Quarter of III 6 မြေပိုင်မြေအမျိုးအစား၊အမည်ပေါက်Fatama Bi Bi(heir)မြေအား မြေအမည်ပေါက်ဆိုသူ ဒေါ်ဖာတမာဘီဘီအီစွတ်မန်(မ်)ဆမ်၏ ၂၀-၁-၈၂ရက် သေစာရင်း၊ (ခင်ပွန်း) ဦးအစ္စမိုင်အီဘရာဟင်မန်ဆာ၏ ၉-၁၂-၆၆ ရက်သေစာရင်း၊ သား ဦးဆူလေမန်အစ္စမိုင် မန်ဆာ၏ ၂-၁-၉၂ရက် သေစာရင်းတို့တင်ပြပြီး အမည်ပေါက်သူ၏ ချွေးမဖြစ်သူ ဒေါ်အိုင်ရှာဘီဘီမိုဟာမက်ဟာစန်ဂျီ[၁၂/ပဘတ(နိုင်)၀၂၃၀၁၁]နှင့် အမည်ပေါက်၏ မြေးများဖြစ်သော ဦးအဗ္ဗဒူရာမန်[၁၂/ပဘတ(နိုင်)၀၀၇၉၉၄]နှင့် ဒေါ်ဟာဇရာဘီဘီ[၁၂/ပဘတ(နိုင်)၀၀၇၉၅၃]တို့မှ ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ၊ အမည်ပေါက်စာချုပ်အမှတ်-၂၁၆/၁၉၅၀၊ ရန်ကုန်တိုင်းတရားရုံး၏ တရားမအသေးအဖွဲ့မှုအမှတ်-၁၀၁/၂၀၀၂၏ ၁၁-၁၀-၂၀၀၂ရက်စွဲပါ ဦးအဗ္ဗဒူရာမန်အား အမွေထိန်းလက်မှတ်စာ ထုတ်ပေးသည့်အမိန့်၊ ၂၅-၉-၂၀၀၈ ရက်စွဲပါ အမွေထိန်းလက်မှတ်စာနှင့် တိုင်းတရားရုံး တရားမအထွေထွေမှုအမှတ်-၁၀၁/၂၀၀၂ ၏ ၁၇-၂-၂၀၀၉ ရက်စွဲပါ အမိန့်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာပါသဖြင့် ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/၁၂)၊ မြေကွက်အမှတ်(၂၃၈)၊ မြေကွက်တည်နေရာအမှတ်(၂၃၈)၊ နှင်းဆီလမ်းသွယ်(၂)လမ်း၊ ရွှေပြည်သာမြို့နယ်၊ (ဒု ဗိုလ်မှူးကြီးသာကျော်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒု ဗိုလ်မှူးကြီးသာကျော်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နုနုအေး[၁၂/ကမတ(နိုင်)၀၄၄၆၁၂]မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တင်ပြထားသော ပါမစ်တွင် အိမ်ထောင်ဦးစီးဇယားမပါရှိ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ်(၇၄)၊ မြေကွက်တည်နေရာအမှတ်(၇၄)၊ (၄၅)ရပ်ကွက်၊ ကြေးတိုင်လမ်း၊ ဒဂုံမြောက် ဦးမောင်ကြည်(J/RGN-၀၁၉၇၅၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမောင်ကြည် ကွယ်လွန်သဖြင့် ဒေါ်အေးလှိုင်[၁၂/ဗဟန(နိုင်)၀၄၁၆၁၂]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/၁၂)၊ မြေကွက်အမှတ်(၂၃၅)၊ မြေကွက်တည်နေရာအမှတ်(၂၃၅)၊ နှင်းဆီလမ်းသွယ်(၂)လမ်း၊ ရွှေပြည်သာမြို့နယ်၊ (ဒုဗိုလ်မှူးကြီးသန့်စင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုဗိုလ်မှူးကြီးသန့်စင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နုနုအေး[၁၂/ကမတ(နိုင်)၀၄၄၆၁၂]မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တင်ပြထားသောပါမစ်တွင် အိမ်ထောင်ဦးစီးဇယားမပါရှိ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



ကြော်ငြာ

## မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ပထမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ပထမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲကို စည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းဝင်များကြွရောက် လှူဒါန်းတရားတော်နာ ဖိတ်ကြားအပ်ပါသည်။ ဝါဆိုသင်္ကန်းအလှူငွေများ ပါဝင်လှူဒါန်းလိုပါက အသင်းရုံးသို့ ၃၀-၆-၂၀၁၄ ရက်(တနင်္လာနေ့) နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

တိပိဋကယောဆရာတော်ကြီး(ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)အမှူးထား၍ ပင့်သံဃာတော်(၅)ပါးတို့ ကြွရောက် တရားတော်များချီးမြှင့်မည်ဖြစ်ပါသည်။ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းကို ကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ပါသည်။

အစီအစဉ်

နေ့ရက် - ၃-၇-၂၀၁၄ ရက်(ကြာသပတေးနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - MCEA အသင်းခန်းမ။
အမှတ်(၃/က)၊ ဘော်စင်လမ်း၊ သံသုမာလမ်းနှင့်
ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သင်္ဃန်းကျွန်းမြို့နယ်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

## ပုလဲရတုမင်္ဂလာဆုတောင်း

အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ခဝခဝနှင့် ခမခမ တို့၏ (၂၉-၆-၂၀၁၄) ရက်နေ့တွင် ကျရောက်သော (၃၀) **နှစ်မြောက် ပုလဲရတုလက်ထပ်မင်္ဂလာရက်မြတ်** မှသည် နောင်နှစ် ပေါင်းများစွာတိုင်အောင် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုး ဆထက်တိုး ကြိုးစားဆောင်ရွက်နိုင်ပြီး ချစ်သော သားသမီးများနှင့်အတူ ကိုယ်စိတ်ကျန်းမာချမ်းသာစွာဖြင့် ရတုပေါင်းများစွာကို သာယာကြည်နူးပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**ETH, TTH, WMH**

## ချီးကျူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် "စေတနာရပ်ဝန်းစာသင်ဝိုင်း"မှ ဖြေဆိုသူ (၈)ဦးအနက် ဘာသာစုံဂုဏ်ထူးရှင် (၂)ဦးနှင့် အခြားသော ဂုဏ်ထူးရှင်များလည်း ထွက်ပေါ်ခဲ့ပါသည်။

ဘာသာစုံဂုဏ်ထူးရှင်များ

၁။ ဆသက ၃၉၀ မအိဖြူသွယ် အမှတ်ပေါင်း (၅၄၂) မှတ်
၂။ ဆကရ ၄၀၀ မောင်သုတလင်း အမှတ်ပေါင်း(၅၃၆) မှတ်

ဂုဏ်ထူးပန်းများ ဝေဝေဆာဆာပန်ဆင်ကာ ထူးချွန်စွာ ဖြေဆိုအောင်မြင်ကြသော "စေတနာရပ်ဝန်းစာသင်ဝိုင်း" ဂုဏ်ဆောင် တပည့်များအားလုံးကို ဝမ်းမြောက်စွာ ချီးကျူးဂုဏ်ယူပါသည်။

ဤသို့ ထူးချွန်စွာ အောင်မြင်သော တပည့်များ ထွက်ပေါ်လာအောင် စေတနာပြည့် အားသွန်ကြိုးပမ်းသင်ကြားပေးခဲ့ကြသော "ဆရာမကြီးများ"အားလည်း အထူးကျေးဇူးတင်ရှိပါသည်။

**ဒေါ်ကျင်ကျင်**
**စေတနာရပ်ဝန်းစာသင်ဝိုင်း**
**နဝမတန်း၊ ဒသမတန်း ဘာသာစုံ**
**အမှတ်(၄၄)၊ ခိုင်မာလာလမ်း၊ မိချောင်းကန်အပိုင်း(၃)၊ သီရိရတနာရိပ်သာ**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၉၉၈၀၂**

## ပုလဲရတုမင်္ဂလာဆုမွန်လွှာ

ချစ်ခင်လေးစားရပါသော **အအကြီးနှင့် ကြီးကြီး** တို့၏ (၂၉-၆-၂၀၁၄) ရက်နေ့တွင် ကျရောက်သော (၃၀) **နှစ်မြောက် ပုလဲရတုလက်ထပ်မင်္ဂလာရက်မြတ်** မှသည် ရတုပေါင်းများစွာပိုင်ဆိုင်ပြီး ကိုကို၊ မမများနှင့်အတူ လောကီ၊ လောကုတ္တရာအကျိုး ဆတိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သီဂီ၊ ဟန်နီ၊ သန့်သုတကို**

ပေါက်တောမြို့နယ် သာရေး/နာရေးအသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ အသက်(၇၅)နှစ်နှင့်အထက် အသင်းသူ/အသင်းသား သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်း၊ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေးအား တစ်ပါးတည်းကျင်းပလိုပါ၍ (၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်) ၆-၅-၂၀၁၄ ရက် နံနက် ၈း၀၀ နာရီတွင် ဓညဝတီသာသနာပြုကျောင်းတိုက်သို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသူ/အသင်းသားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (၂၀၁၃-၂၀၁၄)ခုနှစ် ဆယ်တန်းကိုဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသူ/ကျောင်းသားများနှင့် အသက်(၇၅)နှစ်နှင့် အသင်းသူ/အသင်းသားများ ၃-၇-၂၀၁၄ ရက်ကို နောက်ဆုံးထား၍ အကြောင်းကြားပေးကြပါ။

**သာရေး/နာရေးအသင်း**
**ပေါက်တောမြို့နယ်(ရန်ကုန်)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက်အမှတ်(၂၂၅)၊ မြေကွက်တည်နေရာအမှတ်(၂၂၅)၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစောမာကက်(စ်)ဝင်း AV-၀၂၃၂၈၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစောမာကက်(စ်)ဝင်း[၁၂/သဃက(နိုင်)၀၆၂၀၁၁]ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**







### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၃၄၂)၊ မြေကွက်တည်နေရာအမှတ်(၃၄၂)၊ မော်လမြိုင်လမ်း၊ ရွှေပြည်သာမြို့နယ်ရှိ ဦးအောင်မြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်မြင့်[၁၂/လမတ(နိုင်)၀၁၆၁၇၃]ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားဂရန် စာချုပ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၂၀၇)၊ မြေကွက်တည်နေရာအမှတ်(၂၀၇)၊ မင်းလမ်းလမ်းသွယ်၊ (၂၉)ရပ်ကွက်၊ ပါမစ်မြေအား အမည်ပေါက် ဒုဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း)[၁၃/နခတ(နိုင်)၀၀၃၁၆၂] ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးသွားပါ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

